ကြေးမုံ

The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်၊ စနေနေ့၊ (30-10-2010) (၆၅၆၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ခံရမှုများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်းသည် အောက်တိုဘာ ၂၈ ရက်တွင် ဧည့ဝတီရေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိပြီး တာဝန်ရှိသူတစ်ဦးက ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်ဖြတ်ကျော်ခြင်းမပြုမီ ကြိုတင်ဆောင်ရွက်ဖွယ်ရာ လုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့မှု၊ မုန်တိုင်းဖြစ်စဉ် နေအိမ်အဆောက်အအုံများ ပျက်စီးယိုယွင်းမှု၊ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးထားမှု၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်လှမင်းက လိုအပ်ချက်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်နယ်မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ကာ တပ်နယ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ◆

နိုင်ငံတစ်ဝန်း ရထားလမ်းများ ကွန်ရက်သဖွယ် ပေါ်ထွက်ခဲ့ပြီ

သ တ င်း ဆော င်း ပါး » မိုး မြ င့် လ င်း လ က် ၊ ဓာ တ် ပုံ » ကြေး မုံ

မကြာမီက ဖွင့်လှစ်ခဲ့တဲ့ ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်းဖွင့်ပွဲကို သတင်းစာမှာ ဖတ်ရှုလိုက်ရပါတယ်။ မိမိတို့ဒေသကို ရထားခုတ်မောင်းပြေးဆွဲပေးတော့မှာမို့ ပြုံးပျော်နေကြတဲ့ ဒေသခံပြည်သူတွေရဲ့မျက်နှာဟာ ကြည်နူးပီတိတွေ ဝေဖြာနေတာကို မြင်တွေ့ရပြီး ကိုယ်တိုင်လည်း ထပ်တူထပ်မျှ ဝမ်းသာကြည်နူးစိတ် ဖြစ်နေမိပါတယ်။

နိုင်ငံတစ်ဝန်း နယ်စပ်ဒေသတွေပါမကျန် ရထားလမ်းတွေ တစ်လမ်းပြီး တစ်လမ်း ဖွင့်လှစ်ပေးနေသလို ရထားတွေ တစ်စင်းပြီးတစ်စင်း တိုးချဲ့ပြေးဆွဲနေတာဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျတဲ့ ဆောင်ရွက်မှုတစ်ရပ်ဖြစ်တဲ့အပြင် ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံရေးကို တိုးတက်ဖြစ်ထွန်းစေတာမို့လို့ ပြည်သူတစ်ရပ်လုံး ကျေနပ်ဝမ်းသာနေကြတာပါပဲ။

နိုင်ငံအတွင်းမှာ ရထားလမ်း ဖောက်လုပ်မှုအခြေအနေကို သုံးသပ်ကြည့်မယ်ဆိုရင် ၁၉၈၈ ခုနှစ်မတိုင်မီက ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆မိုင်၊ ဘူတာရုံပေါင်း ၄၈၇ရုံနဲ့ ရထားလမ်းကူး ခုံးကျော်တံတားပေါင်း အစင်း ၅၆၅၀ သာရှိခဲ့ပါတယ်။ ဒီနေ့ ဒီအချိန်မှာတော့ ရထားလမ်းခရီးမိုင် ၃၄၃၃ မိုင်၊ ဘူတာရုံပေါင်း ၈၇၅ရုံနဲ့ တံတားကြီး/ငယ်ပေါင်း ၁၀၉၀၈စင်းအထိ တိုးတက်တည်ဆောက်နိုင်ခဲ့ပြီဖြစ်တာမို့ အရင်ကထက် အဆပေါင်းများစွာ တိုးတက်ခဲ့ပြီဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် မတိုင်မီက လမ်းပန်းဆက်သွယ်ရေး မကောင်းခဲ့လို့ ဒေသအသီးသီးရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေ

စာမျက်နှာ ၆ ကော်လံ ၁ သို့ ■

> “ရထားလမ်းတွေ တစ်လမ်းပြီးတစ်လမ်း ဖွင့်လှစ်ပေးနေတာဟာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနဲ့ တိုင်းရင်းသားအချင်းချင်း ကူးလူးဆက်ဆံရေးကို တိုးတက်ဖြစ်ထွန်း”

၁၈-၉-၂၀၁၀ရက်တွင် ဖွင့်လှစ်ခဲ့သော မင်းလှ-မင်းဘူး ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲနေသည်ကို တွေ့ရစဉ်။

The Mirror

၃၀-၁၀-၂၀၁၀
(စနေနေ့)

ခေတ်သစ်တစ်ခု ရှေးရှုဦးတည် မဲပေးမည်

၂၀၁၀ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ကျင်းပမည့် ရွေးကောက်ပွဲကြီးဖြစ်သည်။ ခေတ်သစ်တစ်ခု၊ စနစ်သစ်တစ်ခု ပြောင်းလဲမှုအတွက် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ စတင်လျှောက်လှမ်းကြခြင်း ဖြစ်သည်။

ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် နိုင်ငံရေးပါတီ (၃၇)ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြမည်။ နိုင်ငံရေးပါတီအလိုက် အတွေးအမြင် အယူအဆ မူဝါဒသဘောထားလုပ်ငန်းစဉ်များရှိသည်။ သက်ဆိုင်ရာပါတီက လူထုလူတန်းစား အလွှာအသီးသီးအပေါ် ထားရှိသည့် သဘောထားအမြင် ထင်ဟပ်နေမှုများကို ဟောပြောစည်းရုံးလှုပ်ရှားမှုများတွင် တွေ့မြင်ကြားသိဖတ်ရှုနေရသည်။

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကြီး အစီအစဉ်တကျ ကျင်းပသွားနိုင်ရေး အဘက်ဘက်က စီစဉ်ပေးထားပြီ။ နိုင်ငံရေးပါတီများ နည်းလမ်းတကျ မဲဆွယ်စည်းရုံးခွင့်၊ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိနေပြီ။ မဲဆန္ဒရှင်ပြည်သူများ ကြိုက်နှစ်သက်ရာပါတီနှင့် ကိုယ်စားလှယ်လောင်းများကို လွတ်လပ်စွာ ဆန္ဒမဲပေး ရွေးချယ်နိုင်ခွင့်ရှိသည်။ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအောင်မြင်ရေး ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းနေသည့် ဒီမိုကရေစီအခွင့်အလမ်းများ ဖြစ်သည်။

ပြည်သူတို့ လိုလားတောင့်တ မျှော်လင့်ကြသည့် ဒီမိုကရေစီနိုင်ငံသစ် ဒီမိုကရေစီအုပ်ချုပ်ရေးသို့ ကူးပြောင်းရောက်ရှိတော့မည်။ ရွေးကောက်ပွဲနည်းလမ်းဖြင့် ဒီမိုကရေစီခေတ်သို့ ငြိမ်းချမ်းစွာ ရောက်ရှိနိုင်မည်။ ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး မဲဆန္ဒရှင်ပြည်သူတိုင်းက တစ်ခဲနက် ဆန္ဒမဲပေးကြမည်။ ဒီမိုကရေစီနှင့်ထိုက်တန်သည့် နိုင်ငံသားတိုင်းက အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမည့် ကာလဖြစ်သည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းလာရေးအတွက် ခရီးအစ တစ်ခု။ နိုင်ငံသူ၊ နိုင်ငံသားတိုင်း ရရှိနေသည့် ဒီမိုကရေစီအခွင့်အလမ်းတစ်ခု။ ရွေးကောက်ပွဲကြီး အောင်မြင်ရေးသည် အဓိက။ ခေတ်စနစ်ပြောင်းလဲရေးသည် ပဓာန။

ယင်းသို့ အခြေအနေကောင်း၊ အချိန်အခါကောင်း၊ အခွင့်အလမ်းကောင်းများ ဖြစ်ပေါ်ရရှိနေချိန်တွင် မဲဆန္ဒရှင် ပြည်သူတိုင်းက ပြည်သူ့ကိုယ်စားလှယ်လောင်းများကို အသိတရားဖြင့် ရှုမြင်သုံးသပ်၍ ခေတ်သစ်တစ်ခုဆီသို့ ရှေးရှုဦးတည် ကိုယ်စီဆန္ဒမဲပေး ရွေးချယ်ကြခြင်းဖြင့် အမျိုးသားရေးတာဝန် ကျေကျေပွန်ပွန် ထမ်းဆောင်ကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



ကာကွယ်ရေးဝန်ကြီးဌာနမှ ပိုလ်ချုပ်အောင်သန်းထွဋ် တောင်ကြီးခရိုင်အတွင်း ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် ပင်လောင်းမြို့နယ်ရှိ နဂါးဘိလပ်မြေစက်ရုံ စီမံကိန်း (တီကျစ်) ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် တောင်ကြီး-ဟိုပုံးလမ်းပိုင်း အခြေအနေများ၊ ဟိုပုံးမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် ဟိုပုံးမြို့နယ် ပြည်သူ့ဆေးရုံ၏ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးစတိုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဆေးရုံတက်လူနာများအား စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများကိုပေးအပ်ပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ဆက်လက်၍တောင်ကြီး-အောင်ပန်း-ပင်လောင်းလမ်းပိုင်း အခြေအနေများနှင့် ပင်လောင်းမြို့နယ်ရှိ နဂါးဘိလပ်မြေစက်ရုံ စီမံကိန်း (တီကျစ်)တို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပင်လောင်းလမ်းပိုင်း အခြေအနေများနှင့် ပင်လောင်းမြို့နယ် ပြည်သူ့ဆေးရုံ၏ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးစတိုတို့ကို ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်လူနာများအား စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများကို လည်းကောင်း ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကိုလည်းကောင်း ပေးအပ်သည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လိန်းလီတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Logistics & Shipping Business ဆိုင်ရာ ဒီပလိုမာသင်တန်းများ တက်ရောက်ရယူနိုင်

School of Logistics and Supply Chain Management

ရန်ကုန် အောက်တိုဘာ ၂၉

School of Logistics and Supply Chain Management သည် ၁၉၁၁ ခုနှစ်တွင် UK နိုင်ငံရှိ Commercial Shipping Professional များဖြင့် တည်ထောင်ခဲ့သည့် Institute of Chartered Shipbrokers (ICS) က တိုက်ရိုက်ချီးမြှင့်သော Advanced Diploma နှင့် Professional Qualifying Diploma များအတွက် လိုအပ်သော ဘာသာရပ်များကို သင်ကြားပေးသော မြန်မာနိုင်ငံ၏ ပထမဦးဆုံးသင်တန်းကျောင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ICS ၏ Approved Exam Centre လည်း ဖြစ်သည်။

ICS တွင် Dry Cargo Chartering, Tanker Chartering, Ship Sale & Purchase, Ship Operations & Management, Port and Terminal Management, Port Agency, Liner Trades, Logistics & Multimodal Transport နှင့် Offshore Support Industry ဘာသာရပ်များပါဝင်ပြီး သက်ဆိုင်ရာ ဒီပလိုမာများအလိုက် အနည်းဆုံး နှစ်ဘာသာ ဖြေဆိုအောင်မြင်ရန်လိုအပ်သည်။

ထို့အပြင် Logistics, Supply Chain Management ဘာသာရပ်များသည် စားသုံးသူများထံသို့ ကုန်ပစ္စည်းများကို မြန်ဆန်စွာနှင့် ဈေးနှုန်းသက်သာစွာဖြင့် ရောက်ရှိရန် လိုအပ်သည့်အချိတ်အဆက်များကို လေ့လာသည့်ဘာသာရပ်ဖြစ်သည်။

School of Logistics & Supply Chain Management သင်တန်းကျောင်း၌ Higher Certificate နှင့် Advanced Diploma in Shipping Business (UK) တို့ကို တက်ရောက်သင်ယူနိုင်သည်။ Advanced Diploma in Shipping Business (UK) အတွက် Shipping Business နှင့် Logistics & Multimodal Transport နှစ်ဘာသာတို့ကို တက်ရောက်ဖြေဆို အောင်မြင်ရမည်ဖြစ်သည်။

အဆိုပါ Advanced Diploma ဘာသာရပ်နှစ်ခုအတွက် သင်တန်းကာလမှာ ခြောက်လခန့် ကြာမြင့်မည်ဖြစ်သည်။ ၂၀၁၁ ခုနှစ် ဧပြီ ၁၄ ရက်နှင့် ၂၀ ရက်တို့တွင် ICS က တိုက်ရိုက် စစ်ဆေးသော စာမေးပွဲကို ဖြေဆိုရမည်ဖြစ်ပြီး ICS စာမေးပွဲကို နှစ်စဉ် ဧပြီလတွင်တစ်ကြိမ် ကျင်းပသည်။

ယင်းအဆင့်မြင့် ဒီပလိုမာများရရှိပါက ကုန်သွယ်ရေး၊ ပို့ဆောင်ရေး၊ ကုန်ပစ္စည်း ထုတ်လုပ် သယ်ယူဖြန့်ချိရေးတို့ကို ကျွမ်းကျင်သည့် Professional တစ်ဦးအနေဖြင့် ရပ်တည်နိုင်မည်ဖြစ်သည်။ ထို့အပြင် အင်္ဂလန်နိုင်ငံရှိ သတ်မှတ်တက္ကသိုလ်များ၌လည်း ဘွဲ့လွန်ဒီဂရီ၊ MBA ဒီဂရီတို့ကို ထပ်မံဆည်းပူးနိုင်မည်ဖြစ်ပြီး အဆိုပါဘာသာရပ်များကို စိတ်ပါဝင်စားသူအားလုံး တက်ရောက်နိုင်ကြသည်။

Advanced Diploma in Shipping Business (UK) သင်တန်းအတွက် နောက်ဆုံးတန်းခွဲ with make-up class အဖြစ် အောက်တိုဘာ ၃၁ ရက်တွင် စတင်မည်ဖြစ်ပြီး Higher Certificate in Logistics & Supply Chain Management၏ အပတ်စဉ် (၅) တန်းခွဲသစ်ကိုလည်း အောက်တိုဘာ ၃၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်၍ စိတ်ပါဝင်စားသူများသည် တိုက်(၁) အခန်း (၃၈/ဘီ) လှည်းတန်းလမ်းဆုံ အင်းစိန်လမ်းမ ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၇၂၄၃ နှင့် ၀၉-၅၀၃၈၄၃၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဂီရိမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၂၉

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့သို့ ဝင်ရောက်တိုက်ခတ်သွားခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ဂီရိမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက နေ့စဉ်လှူဒါန်းလျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမေခလာခန်းမ၌ အလှူရှင် မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်ဝေဝေသာ၊ အတွင်းရေးမှူး ဒေါ်သဇင်နွယ်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာဒေါ်မေမာလာနှင့် တာဝန်ရှိသူများက အလှူငွေကျပ်သိန်း ၃၀ကို ပေးအပ်လှူဒါန်းကြရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်လမ်းမကြီးနေ ဒေါက်တာတင်ထွန်းဦး-ဒေါက်တာခင်မိုးမိုး (သုတစွယ်စုံ စာအုပ်တိုက်နှင့်စွယ်စုံမီဒီယာ) မိသားစုက ရခိုင်ပြည်နယ်ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် လှူဒါန်းငွေကျပ် ၁၀သိန်းကို အောက်တိုဘာ ၂၈ ရက် နံနက်က မီးသတ်ဦးစီးဌာန (ရုံးချုပ်) မေခလာခန်းမ၌ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်) အသင်း မဂ္ဂဇင်း ထုတ်ဝေမည်

ရန်ကုန် အောက်တိုဘာ ၂၉

မိုးကောင်းမြို့နယ်အသင်း (ရန်ကုန်)က သမိုင်းပညာရှင်၊ စာပေပညာရှင်၊ စာရေးဆရာကြီးများ ရေးဖွဲ့ထားမှုများ ပါဝင်သော "နန့်ကောင်းမြစ်လွင်ပြင်" အသင်းမဂ္ဂဇင်းကို ထုတ်ဝေမည်ဖြစ်ရာ လေ့လာဖတ်ရှုလိုသော အသင်းသား၊ အသင်းသူများ၊ မြို့နယ်သူ၊ မြို့နယ်သားများ နိုဝင်ဘာ ၉ ရက်မှစ၍ အသင်းအမှုဆောင်များထံတွင် ဆက်သွယ်ရယူနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်း ဩဘာလမ်း (အလယ်ပိုင်း) မိသားစု၏ သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၂၃ ရက် (သီတင်းကျွတ်လပြည့်နေ့)က ကျင်းပရာ လမ်းသူ၊ လမ်းသားများ သက်ကြီးဘိုးဘွားများအား ကန်တော့ချီးဖြင့် ကန်တော့ကြစဉ်။

(ကြေးမုံ)

◆ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် ကျောက်ဖြူမြို့သို့ ရောက်ရှိပြီး ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးသိန်း၊ အမျိုးသား သဘာဝ ဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကျောက်ဖြူမြို့အတွင်း မုန်တိုင်းဒဏ် ခံရမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့် ကျေးရွာမူလတန်းကျောင်းအတွင်း လေဘေးသင့် အိမ်ထောင်စုများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးကာ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် ပြင်ဖြူမော်ကျေးရွာလမ်း တာတမံ ကျိုးပေါက်နေမှုနှင့် တာဖို့ပြုပြင်စီမံထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ကျောက်ဖြူမြို့ မြို့မအားကစားကွင်းရှိ လေဘေးသင့် အိမ်ထောင်စုများအား သွားရောက်ကြည့်ရှုအားပေးပြီး ဆန်များထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ကျွန်းသာယာကျေးရွာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းသို့ ရောက်ရှိကြပြီး လေဘေးသင့်အိမ်ထောင်စုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ ဆေးဝါးပစ္စည်း၊ စားသောက်ကုန်၊ ငါးဖမ်းပိုက်နှင့် ထောက်ပံ့ငွေများပေးအပ်ကြသည်။

ထိုမှတစ်ဆင့် ပြင်ဝန်းကျေးရွာ၊ ကိုးရန်ပြင်ကျေးရွာနှင့် လောင်းဒရစ်ကျေးရွာတို့၌ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှု အခြေအနေများကို ကြည့်ရှု၍ မြေပုံမြို့သို့ ရောက်ရှိကြသည်။

ဆက်လက်၍ မြေပုံမြို့အတွင်း ပြန်လည်ရှင်းလင်းရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး မြေပုံမြို့ ဆိပ်ကမ်း၌ ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိနေမှု၊ မုန်တိုင်းဒဏ်သင့် ပြည်သူများထံ လက်ရောက်ဖြန့်ဝေပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြကာ ရဟတ်ယာဉ်ပေါ်၌ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ကယ်ဆယ်ရေးဆိုင်ရာများ၊ လတ်တလောလိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် မြေပုံမြို့ မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ မုန်တိုင်းဒဏ်သင့် ကျေးရွာများအတွက် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ၊ ကြက်ခြေနီ ကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများကို ပေးအပ်ကြပြီး ဗိုလ်ချုပ်လှမင်းက ကယ်ဆယ်ရေးပစ္စည်းများနှင့် စပ်လျဉ်း၍ အမြန်သယ်ပို့ဖြန့်ဝေထောက်ပံ့ပေးနိုင်ရေး တွန်းအားပေးဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ညနေပိုင်းတွင် ဗိုလ်ချုပ်လှမင်း၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် ကျောက်ဖြူမြို့ ဧည့်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံကြသည်။

ရှေးဦးစွာ တိုင်းမှူးက ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဝင်ရောက်ဖြတ်ကျော်မှုကြောင့် မုန်တိုင်းဒဏ်သင့် မြို့နယ်များ၏ အဆောက်အအုံများ ပျက်စီးမှုအခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိမှု အပါအဝင် ဆောင်ရွက်နေသည့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဗိုလ်ချုပ်လှမင်းက မုန်တိုင်းဒဏ်သင့်ဒေသများနေ ပြည်သူများ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်နှင့် ဌာနဆိုင်ရာများက ပေါင်းစပ်ညှိနှိုင်းပြီး အရှိန်အဟုန်မြင့် ဆောင်ရွက်သွားရေး မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်လှမင်းသည် ကျောက်ဖြူတပ်နယ် ခန်းမ၌ တပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်လှမင်း မြေပုံမြို့ မြို့နယ်ခန်းမ၌ မုန်တိုင်းဒဏ်သင့်ကျေးရွာများအတွက် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ၊ ကြက်ခြေနီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆေးဝါးများကို ပေးအပ်စဉ်။(သတင်းစဉ်)

ဝန်ကြီး ဦးသိန်းဆွေ မြေပုံမြို့ မြို့နယ် ခန်းမ၌ မုန်တိုင်းဒဏ်သင့် ကျေးရွာများအတွက် စားသောက်ကုန်များ ပေးအပ်စဉ်။
(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း

မော်လမြိုင်မြို့အတွင်း ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်းသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၆ ရက် နံနက် ၈ နာရီတွင် မော်လမြိုင်တပ်နယ် ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

ထို့နောက် မော်လမြိုင်အထွေထွေရောဂါကုဆေးရုံ ခွဲစိတ်ဆောင်သစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ခွဲစိတ်ဆောင်သစ်တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြသကြပြီး ဗိုလ်ချုပ်သက်နိုင်ဝင်းက တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မော်လမြိုင်မြို့ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်၌ လုပ်ငန်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မော်လမြိုင်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု၊ မြို့တွင်းလမ်းများနှင့် ကမ်းနားလမ်း ကြံ့ခိုင်ကောင်းမွန်မှု၊ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

News Watch (စောင့်ကြည့်)ဂျာနယ်

အတွဲ ၆၊ အမှတ် ၁၆ ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၂၉

ရခိုင်လေဘေးအတွက် အမေရိကန်မှ ဒေါ်လာတစ်သိန်းကူညီ၊ မုန်တိုင်းထပ်မံလာနိုင်ဖွယ်ရှိကြောင်း ဒေါက်တာထွန်းလွင်ပြောကြား၊ မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသသို့ ရန်ကုန်မှ ကယ်ဆယ်ရေးပစ္စည်းများပို့ဆောင်၊ ဂီရိမုန်တိုင်းသင့် မလေးရှားသင်္ဘောတစ်စင်းနှင့် ဗီယက်နမ်သင်္ဘောတစ်စင်းမြန်မာရေတပ်က ကယ်တင်၊ ၂၀၀၉ခုနှစ် မြန်မာရုပ်ရှင် ဆုချီးမြှင့်ပွဲအတွက် တင်ဒါများစတင်ခေါ်ယူ၊ မလေးရှားရောက် တရားမဝင်လုပ်သားများအား တရားဝင်လုပ်သားအဖြစ် ဆောင်ရွက်ပေးမည်၊ အလှကုန်ပစ္စည်း တင်သွင်းရောင်းချသူများ FDA တွင် မှတ်ပုံတင်ရမည်၊ တစ်ဆင့်ခံရောင်းချသူများကြောင့် ဓာတ်ဆီဆိုင်အချို့အကန့်အသတ်ဖြင့်ရောင်းချလာကြ၊ FEC ၂၀ တန် ဖုန်းကတ် ခေတ္တအရောင်းအဝယ်ရပ်ဆိုင်းမည်၊ ရန်ကုန်-ပုသိမ်ခရီးစဉ် စတင်ပြေးဆွဲပျံသန်းရန် အဲပုဂံစီစဉ်၊ အင်္ဂါဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ် နှစ်ကြိမ်ပူးယှဉ်မှုကြောင့် နိုင်ငံအချို့ ရာသီအပြောင်းအလဲရှိနိုင်၊ ဂဏန်း(၇)လုံးပါ အော်တိုတယ်လီဖုန်းများ ဆက်လက်ချပေး၊ မြစ်ခြေတိုက်နယ် ညောင်လှကျေးရွာအနီး ရေနံပိုက်လိုင်း မီးလောင်မှု လူအသေအပျောက်စာရင်း၊ ဆရာစံဇာဏီဘို၏ (၇) ရက်သားသမီးအတွက် ဗေဒင်ယတြာ၊ ဇင်ယော်နီ၏ကံကောင်းဂဏန်းများ၊ သင်ဇာဝင့်ကျော်၏ ချစ်သူဒီဇင်ဘာလမှာ ပြန်လာမည်၊ ရေထွက်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း၃၂၀ကျော်ရရှိ၊ နိုင်ငံတကာအဆင့်မီ Diamond Plaza လာမည့် နှစ်ဆန်းပိုင်း စတင်ဖွင့်လှစ်မည်၊ ယာယီရပ်နားခဲ့သော ပြည်တွင်းရေကြောင်း ခရီးစဉ်များ ပြန်လည်ပြေးဆွဲ၊ ယုဇနပလာဇာတွင် အထွေထွေရောဂါကု ဆေးခန်းဖွင့်၍ အခမဲ့ကုသပေးခဲ့၊ ပူတာအိုဒ်ဂျပန်လက်ဖက်ပြည်ပပို့နိုင်ရန် ထူးဖောင်ဒေးရှင်းစီစဉ်၊ အကြမ်းဖက်တိုက်ခိုက်မှုများ ပြင်သစ်တွင် ပြုလုပ်သွားမည်ဟု ဘင်လာဒင်ခြိမ်းခြောက်၊ ပြန်လည် လွတ်မြောက်လာသော သတ္တုတွင်းလုပ်သားများအား ချီလီသမ္မတက ဆုတံဆိပ်များချီးမြှင့်၊ ပင်စင်ပေးသက်တမ်းတိုးမြှင့်၍ ပြင်သစ်မှာ ဆန္ဒပြပွဲဖြစ်၊ နှစ်ပေါင်း ၅၀အတွင်း လူကြိုက်အနည်းဆုံး ပြင်သစ်သမ္မတ ဆာကိုဇီဖြစ်လာ၊ ဆူနာမီနှင့် မီးတောင်ပေါက်ကွဲမှု ဒဏ်များကြောင့် အင်ဒိုနီးရှား ဒုက္ခတွေ့ကြုံ၊ ဩစတြေးလျဝန်ကြီးချုပ်ဟောင်း ရှူးဖိနပ်ဖြင့် ပစ်ပေါက်ခံရ၊ အာဖဂန်ရွေးကောက်ပွဲကို လေ့လာခြင်း၊ သူတော်ကောင်းနှလုံးသားနှင့် ချီလီနိုင်ငံသမ္မတ၊ ချစ်ရေးမညီသည့် မေရီမိဖုရား၊ ပေးဆပ်တဲ့ အမှုအရာတွေနဲ့ မြင်တွေ့ရမယ့် ဝန်ဘင်း(ထယ်စောက်)၊ ရှူးသွပ်မှုများစွာနဲ့(Fei Lun hai)စသည့် ပြည်တွင်း၊ ပြည်ပသတင်းများဖြင့် News Watch (စောင့်ကြည့်)ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့၌ အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် Resources and Environment Towards Sustainable Development in the Great Mekong Sub-regions (GMS) အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ရန် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိုးမြင့်၊ အတွင်းရေးမှူး ဦးစိုးသူရထွန်းနှင့် အမှုဆောင် ဦးကြိုင်စိန်တို့သည် အောက်တိုဘာ ၂၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြရာ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းဆွေနှင့် အထွေထွေအတွင်းရေးမှူး ဦးအေးလွင်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၀ I.C.E Computer Centre ပါဝင်ပြသ

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာ့ သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၀ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၂၉ ရက်မှ ၃၁ရက်အထိ ပြသမည်ဖြစ်ရာ I.C.E Computer Centre မှ ပါဝင်ပြသလျက်ရှိသည်။

I.C.E Computer ပြခန်းတွင် Computer Notebook နှင့် PC အမျိုးအစားတို့ကို စုံလင်စွာပြသထားပြီး အထူးဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။ ကျပ်တစ်သိန်းနှင့်အထက် ဝယ်ယူအားပေးကြသော Customer များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် Notebook Computer ၁၀လုံးကို ပြပွဲနောက်ဆုံးနေ့ အောက်တိုဘာ ၃၁ ရက်၌ ကံစမ်းမဲဖောက်ပေးမည်ဖြစ်သည်။ Computer Accessories များအား ပြပွဲရက်အတွင်း ၁ နာရီလျှင် တစ်ကြိမ်အရေအတွက် အကန့်အသတ်ဖြင့် ၈၀ ရာခိုင်နှုန်း ဈေးလျှော့ရောင်းပေးမည်ဖြစ်သည်။

I.C.E Computer Center မှ ပစ္စည်းများအား ဝယ်ယူလိုသူများသည် အမှတ်(၄၁) လှည်းတန်းလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၈၈၀၅၊ ၂၁၆၄၈၄တို့သို့ ဆက်သွယ်မှာယူရရှိနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပါဝင်ပြသ

မြန်မာ့သတင်း အချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၀ တွင် I.C.E Computer Centre မှ ပါဝင်ပြသစဉ်။

(သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ - ၂၀၁၀ ဖွင့်ပွဲအခမ်းအနား ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေသည် ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကျင်းပသော မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ-၂၀၁၀ (Myanmar ICT Exhibition -2010) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေက မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ -၂၀၁၀ နဖူးစည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြခန်းအတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

❖ **ကျောဖုံးမှ**

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က ပိုးလောင်းချောင်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူးက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူတို့က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ပိုးလောင်းချောင်းတံတားမှာ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ပေ ၂၄၀၊ ယာဉ်သွားလမ်းအကျယ် ၂၂ ပေ၊ ယာဉ်နှစ်လမ်းသွားနှင့် ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ယခုဖွင့်လှစ်သည့် ပိုးလောင်းချောင်းတံတားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက် တံတား ၂၄၈ စင်းမြောက်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ၅၂ စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

ပိုးလောင်းချောင်းတံတားကို ဖွင့်လှစ်ပေးသည့်အတွက် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းမှ ဟိုင်းကြီးကျွန်းပင်လယ်ဒေသသို့ ရာသီမရွေး သွားလာနိုင်၍ ရေထွက်ကုန်ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်ကာ ကုန်စည်စီးဆင်းမှု သွက်လက်မြန်ဆန်လာပြီး လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့လာသည့်အတွက် ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ထို့အပြင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ အထွတ်အမြတ်ထားရာ သမိုင်းဝင် မော်တင်စွန်းဘုရားသို့လည်း ရာသီမရွေး၊ ချိန်ခါမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ-၂၀၁၀ ပြခန်းအတွင်း ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

တောင်သာမြို့နယ် ကျောက်ကာရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၂၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျောက်ကာရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးလှမိုး၊ မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူး ဦးမြင့်ဇော်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်တို့က ကျောင်းဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ပက်ဖျန်း

ထို့နောက် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ကျောက်ကာရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ဝန်ကြီးသည် ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အထိမ်းအမှတ် သစ်ပင်ကို စိုက်ပျိုးပေးသည်။

မှာကြား

ဆက်လက်၍ အစီအစဉ်ဒုတိယပိုင်းကို ကျင်းပရာ ဝန်ကြီးက ပညာရေးကဏ္ဍ အစဉ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အနာဂတ်လူငယ်များ အခြေခံကောင်းများရရှိစေရန် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးစားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူး ဦးမြင့်ဇော်က ကျောက်ကာရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့် ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အဆိုပါကျောင်းအတွက် ငွေပဒေသာပင်များကို အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ကျောင်းအကျိုးတော်ဆောင် ဦးဇော်မျိုးအောင်က လက်ခံသည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အထိမ်းအမှတ် တံဆိပ်ကို ဝန်ကြီးနှင့် တာဝန်ရှိသူများထံ ပေးအပ်ပြီး ကျောင်းအကျိုးတော်ဆောင် ဦးဇော်မျိုးအောင်က ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၁၀-၂၀၁၀ (စနေနေ့)

[၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်(အဖိတ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈း၁၀ ၇။ အကပြိုင်ပွဲ
- ၈း၂၀ ၈။ "စီးဆင်းပါစေမေတ္တာရည်"
- ၈း၃၅ ၉။ Local Talent
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်း
- ၁၂း၅၀ ၅။ Yan Can Cook
- ၁း၁၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၅၅)**
- ၂း၁၀ ၇။ မပျော်သဓာဇာတ်လမ်း
- ၂း၅၀ ၈။ International Science News
- ၂း၅၅ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL Grand Royal (2010) ဘောလုံးပြိုင်ပွဲ (ဒုတိယအကျော့) တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကမ္ဘောဇ F.Cနှင့် ရတနာပုံ F.C)
- ၅း၂၀ ၂။ တေးဂီတအစီအစဉ်
- ၅း၃၅ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၄၀ ၄။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံးဝင်များ)
- ၆း၀၀ ၅။ ညနေခင်းသတင်း
- ၆း၁၅ ၆။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၇။ အလှရှာမယ်လှကမ္ဘာဝယ်
- ၆း၃၅ ၈။ ယဉ်တစ်ကိုယ်မယ်
- ၇း၀၀ ၉။ "ဒိမိုမွေးနေ့" (မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံးဝင်များ)
- ၈း၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်)
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ "ဒိမိုမွေးနေ့" (မြန်မာနိုင်ငံရုပ်ရှင်အစည်း အရုံးဝင်များ)
- ၁၅။ "လမ်းတံတားကွန်ရက် ဝေဖြာနိုင်ငံတော် ဖွံ့ဖြိုးသာယာ"
- ၁၆။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၆၉)**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၅)**
- ၁၈။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၉။ အစီအစဉ်ပြီး၏။

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

တက်ရောက်

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ် ကျောက်ကာရွာမကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးစဉ်။ (စက်မှု-၁)

မဲပေးရာတွင် လိုက်နာဆောင်ရွက်သင့်သော အချက်များ

၁။ အချိန်မီ မြန်ဆန်စွာ မဲပေးနိုင်ရေး ကိုယ်စီ မိမိ၏ မဲစာရင်းအမှတ်ကို ကြိုတင်သိရှိထားနိုင်အောင် ဆောင်ရွက်ပါ။

၂။ မဲပေးရာတွင် မိမိ၏ မဲစာရင်းအမှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြောပြနိုင်ခြင်းအားဖြင့် ပိုမိုလျင်မြန်စေနိုင်သည်။

၃။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြု မဲပေးလိုသော ကိုယ်စားလှယ်နှင့် တံဆိပ်သင်္ကေတဘေးရှိ လေးထောင့်ကွက်အတွင်း၌ အမှန်ခြစ် ခြစ်ပါ။

၄။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိခြစ်လိုသော အမှန်ခြစ်မှအပ အခြားရေးသားမှု တစ်စုံတစ်ရာ မပြုလုပ်ရပါ။

၅။ မိမိ၏ မဲလက်မှတ်ပေါ်တွင် ဆန္ဒပြုရာတွင် အမှန်(သို့မဟုတ်) အမှားဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသော သင်္ကေတမျိုးအား မရေးခြစ်ရပါ။

၆။ မဲလက်မှတ်ကို မစုတ်ပြဲစေရပါ။

၇။ ထိုသို့ ဆန္ဒပြုပြီးသော မဲလက်မှတ်အား ခေါက်ချိုးချိုး၍ သက်ဆိုင်ရာမဲပုံးတွင် ထည့်ပါ။

မဲပေးရာတွင် 'ပယ်မဲ' မဖြစ်စေရေး သတိပြုရန် အချက်များ

သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဂ)တွင် အောက်ပါဆန္ဒမဲ လက်မှတ်မျိုးကို ပယ်ရမည်ဟု ပြဋ္ဌာန်းဖော်ပြထားသည်-

(၁) ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊
(၂) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊
(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊
(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊
(၅) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊
(၆) ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊
(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊
(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

ပယ်မဲဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရန် ရှင်းလင်းရလျှင်-

(၁) မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်း၏ အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်ကွက်အတွင်း၌သာ အမှန်(✔) အမှတ်အသားကို ရေးခြစ်၍ ဆန္ဒပြုရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ယင်းတို့၏ အမည်၊ သင်္ကေတတို့ဘေးရှိ လေးထောင့်ကွက်များတွင် အမှန်(✔) အမှတ်အသားများကိုဖြစ်စေ၊ အမှား(✘) အမှတ်အသားများကိုဖြစ်စေ ရေးခြစ်ထားပါက **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၃) လုံးဝဆန္ဒပြုထားခြင်းမရှိလျှင်လည်း **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၄) ဆန္ဒပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်သော်လည်း အမှန်(✔) သို့မဟုတ် အမှား(✘)ဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်း မရှိသည့် ဆန္ဒမဲလက်မှတ်ကိုလည်း **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၅) သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်ပြီး မဲဆန္ဒရှင် ရေးခြစ်ထားသည့် အမှန်(✔) အမှတ်အသားမှာ အမှန်ခြစ်(✔) ခြစ်ကြောင်း သိသာထင်ရှားပါက သတ်မှတ်ထားသည့် လေးထောင့်ကွက်အတွင်း ဝင်သည်ဖြစ်စေ၊ ဘောင်ကိုကျော်လွန်၍ ရေးခြစ်သည်ဖြစ်စေ၊ အတည့်ခြစ်သည်ဖြစ်စေ၊ ဘေးတိုက်ခြစ်သည်ဖြစ်စေ၊ အမှန်(✔)အမှတ်အသား၌ အကောက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မဲဆန္ဒရှင်၏ ဆန္ဒအမှန်ဖြစ်သည်ဟု မှတ်ယူပြီး ခိုင်လုံသည့် ဆန္ဒမဲအဖြစ် သတ်မှတ်နိုင်သည်။

ဆန္ဒမဲခိုင်လုံသည်၊ မခိုင်လုံသည်ကို မဲရုံမှူးက ဆုံးဖြတ်မည်ဖြစ်ပြီး မဲရုံမှူးက ပယ်သည့် ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များအား ကြည့်ရှုရန် အခွင့်အရေးပေးမည်၊ ပယ်သည့် အကြောင်းကိုလည်း သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။



အင်ဒိုနီးရှားသမ္မတနိုင်ငံ မီဒန်းမြို့၌ ကျင်းပမည့် ရွှေတိဂုံပုံတူ စေတီတော်ကြီး ထီးတော်တင်အခမ်းအနားနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသနှင့် ဆရာတော်ကြီး ကိုးပါးတို့အား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဦးဆောင်သည့် ဆရာတော်ကြီးများ အင်ဒိုနီးရှားနိုင်ငံသို့ ကြွရောက်

ရန်ကုန် အောက်တိုဘာ ၂၉

အင်ဒိုနီးရှားသမ္မတနိုင်ငံ မီဒန်းမြို့၌ အောက်တိုဘာ ၂၉ ရက်မှ ၃၀ ရက်အထိ ကျင်းပမည့် ရွှေတိဂုံပုံတူစေတီတော်ကြီး ထီးတော်တင် အခမ်းအနားနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားသို့ ကြွရောက်တော်မူကြမည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ ဦးဆောင်သည့် ဆရာတော်ကြီးကိုးပါးသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ကြွချီတော်မူကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဦးဆောင်သည့် ဆရာတော်ကြီးများနှင့်အတူ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်နှင့် တာဝန်ရှိသူများလည်း လိုက်ပါသွားကြသည်။(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၁၀-၂၀၁၀ (စနေနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+အင်္ဂုလိမာလသုတ်+ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "ဗောဇ္ဈင်္ဂသုတ်"တရားတော် အပိုင်း(၁) (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၅၉)**
၇း၃၀ MRTV-4 သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၂၆)**
၈း၅၀ အလှမှာနည်းပညာဆင့် အမြင်ဆန်းမည့်ရောဝတီ (အပိုင်း-၁)
၉း၁၀ Activities In The City - You can be an Entrepreneur - ကေတုမတီတောင်ငူမြို့ နှစ်(၅၀၀)ပြည့်ခါတ်ပုံပြပွဲပြိုင်ပွဲ အကြောင်းကြိုတင်သတင်းပေးပွဲ
၉း၃၅ Gobal Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၁၀း၀၅ နှလုံးရောဂါများအကြောင်း
၁၀း၂၅ သွားမယ်စားမယ် (Cafe'47)
၁၀း၅၅ MNL Preview
၁၁း၃၀ မိသားစုများစိတ်ချမ်းမြေ့စေဖို့ "မိုးပုလဲ"မှာ ဝယ်ကြစို့
၁၁း၄၅ ပန်းချီပြခန်း (The 3rd Grand Art Stream Family Art Exhihition 2010)
၁၂း၀၀ သီချင်းလေးနဲ့အတူလိုက်ခဲ့တော့
၁၂း၃၀ သူတို့ပြောတဲ့သူတို့အကြောင်း (ကျော်ကျော်ဗိုနှင့် တွေ့ဆုံခြင်း) (အပိုင်း-၁)
၁း၀၀ "ဗောဇ္ဈင်္ဂသုတ်"တရားတော် အပိုင်း(၁) (ဆရာတော်အရှင်ပညာသီဟာဘိဝံသ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာငါးဦး၏ လက်ရာ) (အပိုင်း-၂)
၃း၀၀ သာသနာ့အမွေခံရုပ်ဝန်း
၃း၁၀ ရန်ကုန်မြင်ကွင်းကျယ် [မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းအခြေခံကျောက်မျက်ပညာသင်တန်း အမှတ်စဉ်(၂/၂၀၁၀)သင်တန်းဆင်းပွဲနှင့် (၃/၂၀၁၀)သင်တန်းသားများကြိုဆိုပွဲ]
၃း၃၀ Kid's Show
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၂၆)**
၄း၅၅ ပြောင်းလဲလာမည့်. . . သင့်ကမ္ဘာ
၅း၀၅ Sports Diary
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀ MRTV-4 သတင်း
၆း၂၀ Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း၊ အေဝမ်းကြည်အေး)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၆၀)**
၇း၂၀ သူတို့ဘဝသူတို့ဟာသ (ဦးတိမ်ညွန့်)
၇း၄၀ ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းရုံးဝင်များ)
၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၈း၂၅ Barclays Premier League (Blackburn Vs Chelsea)
၁၀း၂၅ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁၀း၅၅ Barclays Premier League (Man U Vs Tottenham)
၁၂း၅၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၇)**
၁း၄၅ အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး "GPS"
၂း၀၀ ကျောက်ဆစ်ထွင်းထုပုံဖော်ပြု အနုမြတ်ပညာ
၂း၁၀ နောက်မကျရအောင် (မင်းသူ၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
၂း၂၅ သီးနှံစိုက်ပျိုးအထွက်တိုး "ပြည်ပဝင်ငွေရစရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ"
၂း၃၀ VJ Choice
၃း၀၀ PEACE OF MIND (စိတ်ငြိမ်းအေးသော) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၃း၁၀ World of Knowledge (Inside; Sumo Kids)
၃း၅၅ နယ်ဥ်ဆန်းထွင် ပန်းအလှဆင် (မိမိစိတ်ကြိုက် ပန်းစည်းထုပ်ပိုးနည်း)
၄း၁၅ ဘဝများ[ခင်စန်းဝင်း(မိတ်ကပ်)]
၄း၄၀ အလှမှာနည်းပညာဆင့် အမြင်ဆန်းမည့်ရောဝတီ (အပိုင်း-၁)
၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League **ဘောလုံးပွဲစဉ်များ**

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၈း၂၅	Arsenal	-	West Ham	ESPN (Live)
	Blackburn	-	Chelsea	STAR SPORTS(Live)
၁၀း၅၅	Man U	-	Tottenham	ESPN(Live)
၁၁း၀၀	Fulham	-	Wigan	STAR SPORTS(SDD)

***ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

တောင်ငူ အထက(၂) အာစရိယပူဇော်မည်

တောင်ငူ အောက်တိုဘာ ၂၉

တောင်ငူမြို့ အထက(၂) (ယခင် အမျိုးသားကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား (၁၉) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း ဆရာကွန်ခန်းမဆောင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဒေါက်တာမြသောင်း (ဆေးရုံအုပ်ကြီး-တောင်ငူမြို့၊ ပြည်သူ့ဆေးရုံ)ဖုန်း-၀၉-၈၇၆၀၃၂၅၊ ဦးထွန်းဝေ (ကျောင်းအုပ်ကြီး၊ အထက-၂) ဖုန်း-၀၅၄-၂၃၁၄၆၊ ဦးတင်မောင်လှ ဖုန်း-၀၉-၆၃၀၀၁၄၀၊ ၀၉-၄၉၄၃၀၉၁၀၊ ဦးတင်လှိုင် ဖုန်း-၀၅၄-၂၅၄၁၆၊ ကိုဇော်ဇော်အောင် ဖုန်း-၀၉-၄၉၂၅၅၄၆၄၊ ကိုစည်သူဟိန်း ဖုန်း-၀၉-၅၂၂၈၃၂၂၊ ဒေါ်ဝင်းမင်းသက်(C.B-Bank) ဖုန်း-၀၅၄-၂၄၂၂၄နှင့် ဒေါ်ထက်ထက်မိုး (M.O.B-Bank) ဖုန်း-၀၅၄-၂၄၆၂၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၂၉)

■ **ရွှေ.ဖုံးမှ**

နည်းပါးခဲ့တာကြောင့် အဲဒီ ခါးသည်းတဲ့ သင်ခန်းစာကို နိုင်ငံတော်က အလုပ်နဲ့ စွမ်းဆောင်ပြပြီး ပြည်သူတွေ အကျိုး၊ နိုင်ငံရဲ့အကျိုးကို ရှေးရှုကာ မနားမနေ ကြိုးစားအကောင်အထည်ဖော်ပေးနေခြင်းရဲ့ အကျိုးကျေးဇူးတွေကို ဒီနေ့ ကျွန်တော်တို့ အားလုံးခံစား၊ စံစားနေရပါပြီ။

ဒါကြောင့်မို့ အခုအချိန်မှာ ရထားလမ်းသစ်တွေ နိုင်ငံတစ်ဝန်းမှာ တစ်လမ်းပြီးတစ်လမ်း ပေါ်ထွက်လာတာ ဖြစ်ပါတယ်။ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းမကြီး ၂၅၇မိုင်ရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ ပြည်တော်သာ-စစ်တွေ-ရေချမ်းပြင် ရထားလမ်းပိုင်း ၁၂ မိုင်နဲ့ ကွမ်းတောင်-ပုဏ္ဏားကျွန်း လမ်းပိုင်း ၂၂ ဒသမ ၇၂ မိုင်ကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းဟာ မကွေးတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်ကို ဆက်စပ်ပေးတာမို့ အဲဒီရထားလမ်းစီမံကိန်း ပြီးစီးရင် ရခိုင်ပြည်နယ်က ပြည်သူတွေ ရထားစီးပြီး တစ်နိုင်ငံလုံးကို သွားလာနိုင်ကြတော့မှာဖြစ်ပါတယ်။ နောက်ပြီး မြန်မာနိုင်ငံမြောက်ပိုင်း မြစ်ကြီးနားမြို့မှ တောင်ပိုင်း ထားဝယ်မြို့အထိ လည်းကောင်း၊ မြန်မာနိုင်ငံအရှေ့ပိုင်း မိုးနဲမြို့မှ အနောက်ဘက်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းဖွင့်ပွဲကို ဇွန် ၁၂ ရက်က ကျင်းပခဲ့ရာ ဆိပ်ဖြူ-ယောချောင်း ရထားလမ်းပိုင်းတွင် ရထား စတင်ပြေးဆွဲနေသည်ကို တွေ့ရစဉ်။

ကလေးမြို့အထိ လည်းကောင်း ရထားလမ်းတွေ ဖြစ်ထွန်းလာခဲ့ပြီး အရှေ့တောင်ဘက် လှိုင်ကော်မြို့အထိပါ ရထားလမ်းတွေ ဖောက်လုပ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဒါ့အပြင် နေပြည်တော်ကို ဗဟိုပြုပြီး ဒေသအသီးသီးကို ရထားလမ်း ဆက်သွယ်ရေး လမ်းကြောင်းတွေဖြစ်တဲ့ နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-ရွှေညောင်၊ နေပြည်တော်-လွိုင်ကော်၊ နေပြည်တော်-ချောက်၊ နေပြည်တော် - ရန်ကုန် ရထားခရီးစဉ်တွေလည်း ပြေးဆွဲနိုင်နေပြီ ဖြစ်ပါတယ်။ ခရီးသွားပြည်သူတွေ စိတ်အေးချမ်းသာစွာနဲ့ ရထားစီးပြီး လိုရာခရီးကို လွယ်ကူလျင်မြန်စွာ သွားလာနိုင်နေပြီ ဖြစ်ပါတယ်။

နိုင်ငံတစ်ဝန်းမှာ ဖောက်လုပ်ပေးနေဆဲ ရထားလမ်းပိုင်းသစ်တွေအဖြစ် ၁၈၃ မိုင်ရှည်တဲ့ သရက်-ကျွန်းချောင်း ရထားလမ်း၊ ၉၈ မိုင်ရှည်တဲ့ ကသာ-ဗန်းမော်ရထားလမ်း၊ ၂၂၆ မိုင်ရှည်တဲ့ မိုးနဲ-ကျိုင်းတုံရထားလမ်း၊ ၉၅ မိုင်ရှည်တဲ့ ပျော်ဘွယ်-နတ်မောက်-ကံပြား-မကွေး ရထားလမ်း၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

အခုလို နိုင်ငံတစ်ဝန်း ရထားလမ်းတွေ ကွန်ရက်သဖွယ် ဖောက်လုပ်ပေးနေတာဟာ နိုင်ငံတော်အကျိုး၊ ပြည်သူတွေအကျိုးကို ရှေးရှုပြီး တည်ဆဲအစိုးရက စေတနာအရင်းခံနဲ့ ကြိုးစားဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။ နောင်အနာဂတ်ကာလမှာ ဘယ်လိုအစိုးရအဖွဲ့ကပဲ တာဝန်ယူသည်ဖြစ်စေ လက်ရှိတည်ဆောက်ထားတဲ့ ရထားလမ်းတွေ ရေရှည် တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရမှာ ဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ တည်ဆဲအစိုးရကတော့ အနာဂတ်နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် အခြေခံကောင်းတွေကို အကွက်စေ့စေ့နဲ့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း။

မြန်မာ့မီးရထား အင်းစိန်စက်ခေါင်းစက်ရုံမှ ပညာရှင်များက တီထွင်ထုတ်လုပ်ခဲ့သည့် ခေတ်မီဒီဇယ်လျှပ်စစ်စက်ခေါင်းတွဲကို တွေ့ရစဉ်။

ဆိပ်ဖြူ-ဆင်ဖြူကျွန်း ရထားလမ်းပိုင်း၌
၈-၁၀-၂၀၁၀ ရက်တွင် စတင်ပြေးဆွဲနေသော
ရထားတစ်စင်းကို တွေ့ရစဉ်။

(30-10)06.pmd 2 10/30/2010, 3:33 AM

၁၉၈၈ ခုနှစ် နောက်ပိုင်း ဖွံ့ဖြိုးတိုးတက်လာသော ရထားပို့ဆောင်ရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	လူစီးရထားပြေးဆွဲမှု	၂၄၃	၄၁၂	၁၆၉ စင်း
၂	ကုန်ရထားပြေးဆွဲမှု	၁၈	၂၁	၃ စင်း
၃	စက်ခေါင်း	၂၃၉	၃၁၉	၈၀ စင်း
၄	ရထားလမ်းခရီး(မိုင်)	၁၉၇၆	၃၅၁၇	၁၅၄၁ မိုင်
၅	သံလမ်း(မိုင်)	၂၇၉၃	၄၄၀၂	၁၆၀၉ မိုင်
၆	ဘူတာရုံ	၄၈၇	၈၉၃	၄၀၆ ရုံ
၇	ရထားတံတားစုစုပေါင်း	၉၀၀၀	၂၁၀၀၀	၁၂၀၀၀ စင်း
၈	ခရီးသည်ပို့ဆောင်နိုင်မှု(၁)နှစ်သန်း	၃၆	၇၃	၁၈. ၂ သန်း
၉	ကုန်တန်ချိန်ပို့ဆောင်နိုင်မှု(၁)နှစ်သန်း	၁. ၅	၃. ၅	၂ သန်း

ဆက်လက်ဖောက်လုပ်မည့် ရထားလမ်းသစ်စီမံကိန်း

စဉ်	လမ်းပိုင်း	ခရီးမိုင်
၁	ပဲခူး-ခရမ်း-သုံးခွ-သန်လျင်(အုတ်ဖိုစု)	၆၇. ၂၅
၂	လားရှိုး-မူဆယ်	၁၄၅. ၀၀
၃	ကလေး-တမူး	၈၄. ၃၅
	စုစုပေါင်း(ခရီးမိုင်)	**၂၉၆.၆၀**

ဖောက်လုပ်ဆဲရထားလမ်းသစ်များ

စဉ်	ရထားလမ်းပိုင်း	ခရီးမိုင်
၁	ကသာ-ဗန်းမော်	၉၈. ၀၀
၂	မိုးနဲ-ကျိုင်းတုံ၂	၂၆. ၀၀
၃	ပျော်ဘွယ်-နတ်မောက်-ကန်ပြား-မကွေး	၉၅. ၀၀
၄	ထားဝယ်-မြိတ်	၁၃၂. ၀၀
၅	ရေချမ်းပြင်-အမ်း-မင်းဘူး	၂၄၅. ၅၄
၆	ပုသိမ်(ဘဲဂရက်)-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ)	၈၉. ၀၀
၇	ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော်	၁၂၀. ၀၀
၈	ဟသ်ာတ-ညောင်တုန်း	၄၈. ၀၀
၉	နေပြည်တော်-တပ်ကုန်း-ပင်လောင်း	၁၀၅. ၀
၁၀	ကြံခင်း-ပခုက္ကူလမ်းပိုင်း	၆၀. ၀၀
၁၁	မြစ်ကြီးနား-မိုးမိတ်-သီပေါ-လဲချား	၄၇၄
၁၂	မုံရွာ-ယာကြီး-ကလေး	၁၃၅
၁၃	တောင်ငူ-ယာသို-လွိုင်ကော်	၁၅၀
	စုစုပေါင်း(ခရီးမိုင်)	**၁၇၇၇.၅၄**

ပုံတောင်ပုံညာတောင်ကို ဖောက်၍ ရထားလမ်းဖောက်လုပ်ပေးခဲ့သဖြင့် ကျော-ရေမျက်နီ ရထားလမ်းမှတစ်ဆင့် ပခုက္ကူဒေသသို့တိုင် ခရီးပေါက်လာသည်။

✧ **စာမျက်နှာ ၆ မှ**

၁၃၂ မိုင်ရှည်တဲ့ ထားဝယ်-မြိတ် ရထားလမ်း၊ ၂၄၅ ဒသမ ၅၄ မိုင်ရှည်တဲ့ ရေချမ်းပြင်-အမ်း-မင်းဘူး ရထားလမ်း၊ ၈၉ မိုင်ရှည်တဲ့ ပုသိမ်(ဘဲဂရက်) - ညောင်တုန်း - ရန်ကုန်(လှိုင်သာယာ)ရထားလမ်း၊ မိုင် ၁၂၀ ရှည်တဲ့ ပြည် (ရွှေတံခါး)-တောင်ငူ (ကျေးတော)-နေပြည်တော် ရထားလမ်း၊ ၄၈ မိုင်ရှည်တဲ့ ဟသ်ာတ-ညောင်တုန်း ရထားလမ်း၊ ၁၀၅ မိုင်ရှည်တဲ့ နေပြည်တော်-တပ်ကုန်း-ပင်လောင်းရထားလမ်းတွေကို ဆက်လက်ဖောက်နေပါတယ်။

အဲဒီရထားလမ်းတွေကို သတ်မှတ်ထားတဲ့ အချိန်ထက်စောပြီး ပြီးစီးဖို့နဲ့ တစ်ရက်စောပြီးရင် တစ်ရက်ကြိုပြီး ပြည်သူတွေနဲ့ ဒေသဖွံ့ဖြိုးရေးကို အကျိုးပြုမှာဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲကလည်း အခါမလပ် လမ်းညွှန် တိုက်တွန်းနေပါတယ်။ ဒါကြောင့်လည်း ရထားလမ်းသစ်တွေ တစ်လမ်းပြီးတစ်လမ်း ပေါ်ထွက်နေပြီဖြစ်လို့ ဒေသအသီးသီးမှာရှိတဲ့ ပြည်သူတွေ ခရီးသွားလာရေးနဲ့ ကုန်စည်စီးဆင်းမှုတွေ သွက်လက်မြန်ဆန်လာပြီး စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေကအစ တိုးတက်မြင့်မားလာစေခဲ့ပြီ ဖြစ်ပါတယ်။

အဲဒီလို ရထားလမ်းသစ်တွေ တိုးချဲ့ဖောက်လုပ်နေသလို နိုင်ငံအတွင်းမှာ ဆက်လက်ပြီး ဖောက်လုပ်ဖို့ ရထားလမ်း စီမံကိန်းသစ်တွေလည်း ရှိနေပါသေးတယ်။ ဆက်လက်ဖောက်လုပ်ဖို့ စီစဉ်နေတဲ့ ရထားလမ်းသစ်တွေကတော့ အရှည် ၆၇ ဒသမ ၂၅မိုင်ရှိတဲ့ ပဲခူး-ခရမ်း-သုံးခွ-သန်လျင် (အုတ်ဖိုစု)လမ်း၊ အရှည် ၁၄၅ မိုင်ရှိတဲ့ လားရှိုး- မူဆယ်လမ်း၊ အရှည် ၈၄ ဒသမ ၃၅ မိုင် ရှိတဲ့ ကလေး-တမူး လမ်းတွေ ဖြစ်ပါတယ်။ ပဲခူး-ခရမ်း-သုံးခွ-သန်လျင်ရထားလမ်းဟာ ပဲခူးတိုင်းဒေသကြီးနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့ကို ဆက်စပ်သွားလာလို့ရသလို တစ်နိုင်ငံလုံး ရထားလမ်းတွေနဲ့လည်း ချိတ်ဆက်မိပြီး သွားလာလို့ရမှာ ဖြစ်ပါတယ်။ လားရှိုး-မူဆယ်ရထားလမ်းကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကတစ်ဆင့် တစ်နိုင်ငံလုံးကို ရထားလမ်းချိတ်ဆက်မိပြီး သွားလာနိုင်မှာဖြစ်သလို ကလေး-တမူးရထားလမ်းက မြန်မာနိုင်ငံ အထက်ပိုင်းနဲ့ တစ်နိုင်ငံလုံးကို ချိတ်ဆက်သွားလာနိုင်အောင် စီစဉ်ပြီး ဖောက်လုပ်မှာဖြစ်လို့ ပြည်သူတွေရဲ့အကျိုးကို မျှော်ကိုးပြီး စနစ်တကျ စီစဉ်နေခြင်း ဖြစ်ပါတယ်။

အခုလို နိုင်ငံတစ်ဝန်း ရထားလမ်းတွေ ကွန်ရက်သဖွယ် ဖောက်လုပ်ပေးနေတာဟာ နိုင်ငံတော်အကျိုး၊ ပြည်သူတွေအကျိုးကို ရှေးရှုပြီး တည်ဆဲအစိုးရက စေတနာအရင်းခံနဲ့ ကြိုးစားဆောင်ရွက်ပေးနေခြင်း ဖြစ်ပါတယ်။ နောင်အနာဂတ်ကာလမှာ ဘယ်လိုအစိုးရအဖွဲ့ကပဲ တာဝန်ယူသည်ဖြစ်စေ လက်ရှိတည်ဆောက်ထားတဲ့ ရထားလမ်းတွေ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားရမှာ ဖြစ်ပါတယ်။ မည်သို့ပင်ဖြစ်စေ တည်ဆဲအစိုးရကတော့ အနာဂတ်နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် အခြေခံကောင်းတွေကို အကွက်စေ့စေ့နဲ့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးနေပါကြောင်း မှတ်တမ်းပြုရေးသား တင်ပြလိုက်ပါတယ်။ ။

မုံရွာမြို့ပတ်ရထားလမ်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သော အောင်သာ-ဗောဓိတထောင် ရထားလမ်းသစ်တွင် အထူးရထား စတင်ပြေးဆွဲစဉ်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၀-၁၀-၂၀၁၀(စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ မမ္မပူဇာတေး
၇း၂၅ ၄။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၅။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၆။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၇။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၈။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ မြဝတီအဖွင့်
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၁၁း၃၀ ၅။ **ကာတွန်းအစီအစဉ်**
- **အမွှာစုံထောက် (အပိုင်း-၅၁)**
၁၂း၀၀ ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း -နှလုံးသားစည်းချက် (ဟိန်းဝေယံ၊ မေသန်းနု၊ ပုလဲဝင်း) (ဒါရိုက်တာ-နေပိုင်)**
၁း၃၀ ၇။ အမျိုးသားရေးတေးကဗျာ
၂း၀၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၁၀)**
၂း၅၅ ၉။ အပိတ်နှုတ်ဆက်စကား
၃း၀၀ ၁၀။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ နိုင်ငံတော်သီချင်း
၄း၁၅ ၄။ အမျိုးသားရေးတေးကဗျာ
၅း၀၀ ၅။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၅း၂၀ ၆။ အမျိုးသားရေးတေးကဗျာ
၅း၄၀ ၇။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၀။ စားဖိုဆောင်ချစ်သူ
၇း၀၀ ၁၁။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -စိမ်းရောင်ခြယ်လှည်းကလေး (အပိုင်း-၆၃)**
၈း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ အမျိုးသားရေးတေးကဗျာ
၁၄။ နိုင်ငံရေးပါတီများ ဟောပြောချက်
၁၅။ ဘယ်လိုမဲပေးကြမှာလဲ
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ ဒီမိုမွေးနေ့ (ရှက်တယ်၊ အေးအေးခိုင်နှင့် သရုပ်ဆောင်များ)
၁၉။ လူရွှင်တော်စတား
၂၀။ လျှပ်တပြက်
၂၁။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -တိမ်လွှာကြားက သိုင်းသမား (အပိုင်း-၂၉)**
၂၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၃၇)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

စိတ်ကြိုက်ရွေးချယ် မဲပေးကြမယ်

သားကြီးရေ -

ဖေကြီးစာရေးလိုက်ပါတယ်

မင်း အလုပ်က ခွင့်ယူပြီးပြန်လာမယ်ဆိုလို့ မေကြီးရော ညီမလေးပါ ဝမ်းသာနေတယ်။ မင်း သူတို့အတွက် ဘာဝယ်လာမလဲ ဆိုတာကလည်း သူတို့အတွက် ကံစမ်းမဲဖောက်သလို စိတ်လှုပ်ရှားနေကြလေရဲ့။

ဖေကြီးလည်း သားပြန်လာရင် နှစ်တိုင်း ဒို့မိသားစုပြန်ဆုံတဲ့ Family Reunion တိုင်းမှာ လုပ်နေကျဖြစ်တဲ့ ခရီးတစ်ခုခုထွက်ဖို့ စီစဉ်ထားတယ်။ သည်တစ်ခေါက်တော့ ရှမ်းပြည်ဘက် တောင်ကြီးကို သွားဖို့ ပြင်ထားတယ်။ အင်းလေးဘုရားဖူးမယ်ကွာ။ အင်းထဲမှာ ညအိပ်မယ်။ ငါးဖိန်းစားမယ်။ ရှမ်းထမင်းချဉ်၊ ဝက်သားချဉ်စားမယ်ကွာ။ လှေစီးမယ်၊ လှေစီးရင်း အင်းလေးမှာရှာတဲ့ မိုးသီချင်းကို ဖေကြီး ဆိုပြမယ်။ ကက္ကူမွေတော်၊ ရွှေအင်းတိန်၊ ရွှေးဟောင်းဘုရားတွေလည်း အများကြီးရှိတော့ ဘုရားဖူးမယ်ကွာ။ တောင်ကြီးတက်၊ မင်းတို့က ရှမ်းခေါက်ဆွဲစား။ ဖေကြီးကတော့ ကြက်ခြေထောက်နဲ့ဘီယာပေါ့။ အဆင်ပြေရင် ထန်ဆန်းဂူကို ဘုရားသွားဖူးမယ်။ ဆီဆိုင်ဘက်ကိုသွားကြည့်မယ်။ ဆီဆိုင်မှာ ဖေကြီးတို့လွန်ခဲ့တဲ့ အနှစ်သုံးဆယ်လောက်က ဂေါက်ရိုက်ခဲ့တဲ့ မိုင်းမောဂေါက်ကွင်းကိုသွားကြည့်မယ်။ အချိန်ရရင် လွယ်ကော်သွားမယ်။ ဆီဆိုင်က လွယ်ကော်ကားလမ်းအတိုင်းသွားမယ်။ Take me home, Country Road ပေါ့ကွာ။ လမ်းက အဆင်ပြေမယ့် ရွာမှာအိပ်မယ်။ အဲသည်ဘက်က ဖေကြီးကျွမ်းတယ်။ နေရာတိုင်းကို သိတယ်။ ထမင်းကိုကြုံတဲ့ဆိုင်မှာ ဝယ်စားမယ်။ Pot Luck ပေါ့။ ခေါင်ရည်ဝယ်သောက်မယ်။ သနပ်ဖက်ခင်းတွေထဲက တဲလေးတွေမှာ မီးခိုးနံ့ကလေးတွေရှူပြီးအိပ်မယ်။ ဘယ်လောက်ကောင်းလဲ။ လွိုင်ကော်မှာ တောင်ကွဲစေတီ ဖူးမယ်ကွာ။ ပဒေါင်ရွာတွေသွားမယ်၊ ပဒေါင်ခေါင်ရည်တောင်းသောက်မယ်။ ထမင်းအတူတူစားမယ်။ ပဒေါင်ချက်တဲ့ ဝက်သားနဲ့ ခေါင်ရည်စားပြီးရင် မင်းတို့ မောင်ကြံတစ်တို့ဖြစ်သွားမယ်။ နှစ်တိုင်း အဲသည်ကိုသွားချင်နေမယ်။ ပြီးရင် ပြန်လာ။ ပင်းတယကိုသွားမယ်ကွာ။ ညောင်မှတ်ဆိတ်ပင်ကြီးတွေအောက်မှာ ဂက်စ်မီးဖိုနဲ့ ထမင်းချက်စားမယ်။ တစ်ရေးတစ်မောအိပ်မယ်။ ပင်းတယလိုဏ်ဂူကို သွားမယ်ကွာ။ ပြန်လာရင် ကလောမှာအိပ်မယ်။ ချာပါတီနဲ့ အာလူးဟင်းစားမယ်။ မုန်လာဥနီဖျော်ရည်သောက်မယ်ကွာ။ မက်မန်းဝိုင် သောက်မယ်ကွာ။ ထင်းရှူးပင်တွေကြားမှာ လမ်းလျှောက်မယ်။

စာကြီးသား (ပနီပင်)

ကလောဟိုတယ်မှာ ညအိပ်မယ်။ ဟိုတယ်ဘေးကဖြတ်သွားတဲ့ ရထားလမ်းက ရထားသံတွေ နားထောင်မယ်ကွာ။ ဖေကြီးနဲ့ မင်းမေကြီးတို့ မင်းတို့မမွေးခင် ကလောမှာ တာဝန်ကျတုန်းက နေခဲ့ရတဲ့ အိမ်လေးကို သွားကြည့်မယ်။ နှလုံးသားမြို့ဟောင်း တူးဖော်ခြင်းသင်ခန်းစာ အမှတ် (၂၀၁၀)ပေါ့ကွာ။ မင်းတို့ကိုလည်း အဲသည်ကို ရောက်စေချင်တာပါတယ်။ ညီမလေးကတော့ ကြိုက်တယ်တဲ့။ ရာသီဥတုက အေးတယ်လေ။ ရှမ်းခေါက်ဆွဲနဲ့ ဝက်သားချဉ်က အဲသည်မှာလည်း ကောင်းတယ်။ သူ့အကြိုက်ပေါ့။ စိတ်ကူးတာပေါ့ကွာ။ ခွင့်ကလည်း တင်ရဦးမှာ။ ခွင့်ရမယ်လို့တော့ ထင်တာပဲကွာ။ စကားပုံကြားဖူးတယ်မို့လား။ ဆောက်ဖြစ်မှ ကျောင်းဒကာတဲ့။ ဆောက်ဖြစ်ပါစေ။ သားကြီးရော ခွင့်တင်ပြီးပြီလား။ မင်းတို့ကုမ္ပဏီကလည်း အလုပ်ကများများဆိုတော့ အဆင်ပြေအောင် လုပ်ထားဦး။ လေယာဉ်လက်မှတ်ကိုလည်း အသွားအပြန် (round ticket) လုပ်ထားဦး။ တစ်နှစ်တစ်ခါခရီးသွားရတာ ဘယ်လောက်ကောင်းတယ်ဆိုတာ ဖေကြီးတို့ မိသားစုလေးယောက် မနှစ်က မန္တလေး၊ မုံရွာ၊ ပုဂံဘက်သွားတာ မှတ်မိတယ်မို့လား။ ကောင်းမှကောင်းနော့။ သားကြီးက နိုဝင်ဘာ ၂၈ ကနေပြီးတော့ ခွင့်နှစ်ပတ်တင်ပြီး ပြန်လာမယ်ဆိုတော့ ဖေကြီးလည်း အဲသည်ကာလကို ကာမိအောင် ခွင့်ကို ကြိုပြီး တောင်းထားကြည့်လိုက်မယ်။

စကားမစပ်ပေါ့ကွာ။ မင်းအဲဒီမှာ အလုပ်လုပ်တဲ့ကာလအတွက် မြန်မာသံရုံးမှာ တစ်ခါတည်းပြီးအောင်၊ ပြေကျေအောင် ဝင်ငွေခွန်ကို ဆောင်ထားခဲ့ဦး။ အခွန်က နောင်လည်း ဆောင်ရမှာပဲ၊ ကြိုသာ ရှင်းထား။ အစိုးရကလည်း မင်းတို့ကို တရားဝင် အလုပ်လုပ်ခွင့်ကို ကြည်ကြည်သာသာ ပေးထားတာ။ ကိုယ်ကလည်း အလိုက်သိသိ တာဝန်ကျေကျေ ဆောင်လိုက်။ ဟုတ်လား သားကြီး။

သားကြီးက နိုဝင်ဘာ ၂၈ ရက်မှာ ပြန်လာမှာဆိုတော့ မင်း အဲသည်မှာ မဲပေးခဲ့ဖို့လည်း မမေ့နဲ့ဦး။ နိုင်ငံသားတာဝန် ကျေပွန်ဖို့ နိုင်ငံသားတိုင်းမှာ တာဝန်ရှိတယ် ကြားလား။ မင်းကလည်း ငါ့သားဆိုတော့ နမော်နမဲ့နေတတ်လွန်းလို့။ မဲပေးရမယ့်ရက်ကိုကော သိရဲ့လား။ မိုးလင်းမိုးချုပ် အလုပ်လုပ်နေရလို့ မမှတ်မိဘူးဖေကြီးလို့ မင်း ဆင်ခြေမပေးနိုင်အောင် ဖေကြီးပြောလိုက်မယ်၊ မှတ်ထား။ လာမယ့် နိုဝင်ဘာလ ၇ ရက်(တနင်္ဂနွေနေ့) မြန်မာရက်စွဲလည်း ပြောလိုက်ဦးမယ်။ ၁၃၇၂ ခုနှစ် တော်သလင်းလဆန်း (၁)ရက်နေ့ပေါ့ကွာ။

အရေးအခင်းလို့ လူတိုင်းပြောကြတဲ့ ရှစ်လေးလုံးကာလနောက်ပိုင်း ၁၉၈၉ ခုနှစ်မှာ သားကြီးကိုမွေးတာဆိုတော့ အသက်(၂၁)နှစ်ရှိနေတဲ့

သားကြီးလည်း မဲပေး
မဲပေးခွင့်ရတာလို့ ပြေ
မှာ တစ်ကြိမ်၊ ၁၉၉
တစ်ကြိမ်ဆိုတော့ လေ
အခွင့်အရေးကို ကိုယ်
အခုဖွဲ့စည်းပုံဥပဒေ
ရဲရဲပြောနိုင်တယ်။ နိုင်
ကြီးသားတွေရတဲ့ မဲ
သားကြီးရေ။

သားကြီးအတွက်
မပျက်မကွက်မဲပေးဖို့
တိုင်းပြည်ရဲ့ကံကြမ္မာ
ပွင့်ပွင့်လင်းလင်း ပြ
ကိစ္စလို့ ဖေကြီးကတေ
သွင်းတာကို မင်းက
သဘောပေါက်မယ်ထ
မင်းအမေကြီး ခဏခ
ငါတို့လူကြီးတွေကြည့်
တည်းရှိတဲ့ အိမ်ကိစ္စ
တာလေ။ ငါကလည်
သူပြောသမျှလိုက်လုပ်
လူလေးယောက်ကိစ္စ
ကျယ်ကျယ်ပြောရင်
လွတ်လွတ်လပ်လပ်
a great chance
မင်းက မိမိရရအသုံး
နားလည်တယ်မို့လား။
it or grab it. ပေယျာ
ဇတ်ခနဲ ကောက်ယူလ
Grab it.

မင်းသူငယ်ချင်း
အခွင့်အရေးကို သဘေ
လူကို မဲပေး၊ မကြိုက်
(မင်းပြောသလိုပြောရ
မကြိုက်ကြောင်းတရာ
ငယ်ငယ်လေးကတည်း
Eyes to Eyes မျက်
မကျေနပ်ရင် မကျေ
အခုမဲပေးရမယ့် ကိစ္စ
တစ်မျိုးပဲ။ မျှမျှတတပ
ပေါ့။ ဘာလို့မဲမပေးရဲ
နိုင်ငံခြားမှာ တရားဝင်
မြန်မာနိုင်ငံသားတွေ
သံရုံးတွေမှာ လုပ်ပေ
ရင်ကော့ပြီးပြန်လာ။
ကြုံလို့ပါကွာ။ မဲ
ဖေကြီးတို့၊ သားကြီး
Global village ကွာ
အရေးကို လိုက်ပြီးပိတ်
ကြတဲ့အထဲမှာ မဲပေး
တိမ်တောင် ဖြစ်အော
သွင်းနေကြတာလဲ မ
နေတာကိုက လူ့အခွ
အခွင့်အရေးကိုလည်း
စဉ်းစားဉာဏ်ရှိသူတွေ
ရှိသူတွေ၊ မစားရတဲ့အ
ဆိုရင်တော့ ဒီလိုမလုပ်
လူတွေမှာလည်း မဲပေ
ကြောင်း ပြနိုင်ခွင့်ကို
တာ၊ မယူအောင်လုပ်
သလို ဖြစ်နေတယ်
"စွမ်းမယ်ထင် လုပ်ကြ

သူများတွေ နားဝေတိမ်တောင်ဖြစ်အောင် ဘာလို့ ပြောနေကြ၊ တိုက်တွန်းနေကြ၊ အယုံသွင်းနေကြတာလဲ မသိဘူး။ အဲသလို မဲမပေးဖို့ သူများကို လိုက်ပြောနေတာကိုက လူ့အခွင့်အရေးကို ချိုးဖောက်ရာရောက်တယ်။ ကိုယ့်အခွင့်အရေးကိုလည်း ကိုယ်ပိတ်ရာရောက်နေတယ် ထင်တာပဲကွာ။ စဉ်းစားဉာဏ်ရှိသူတွေ၊ နိုင်ငံအကျိုးကို လိုလားသူတွေ၊ အမြော်အမြင် ရှိသူတွေ၊ မစားရတဲ့အမဲ သဲနဲ့ပက်မယ်ဆိုတဲ့ မကောင်းစိတ်မရှိသူတွေဆိုရင်တော့ ဒီလိုမလုပ်သင့်ဘူး။ မလုပ်လောက်ဘူး ထင်တာပဲလေ။ အဲဒီလူတွေမှာလည်း မဲပေးခွင့်ရှိနေတာပဲ။ သူတို့မကြိုက်တာကို မကြိုက်ကြောင်း ပြနိုင်ခွင့်ကို တရားဝင်ပေးနေတာတောင် မယူရဲတာ၊ မယူတာ၊ မယူအောင်လုပ်နေကြတာဟာ ပုဆိုးခြုံထဲက လက်သီးပြနေသလို ဖြစ်နေတယ်လို့ ဖေကြီးတော့ထင်တာပဲ သားကြီးရယ်။ "စွမ်းမယ်ထင် လုပ်ကြည့်လိုက်လေ"ဆိုတဲ့ သီချင်းစာသားကို သွားပြီး အမှတ်ရတယ်။ Fair Fight ဆိုတာ တော်ရုံလူလုပ်နိုင်ပါ့မလားကွ သားကြီးရ။

30-10)08.pmd 1 10/30/2010, 3:33 AM

ာ ဖေကြီးတို့ မိသားစု
ာက်သွားတာ မှတ်မိ
ကြီးက နိုဝင်ဘာ ၂၈
ဆိုတော့ ဖေကြီးလည်း
ပြီး တောင်းထားကြည့်

လုပ်တဲ့ကာလအတွက်
ချအောင် ဝင်ငွေခွန်ကို
ဆောင်ရမှာပဲ၊ ကြိုသာ
ဝင် အလုပ်လုပ်ခွင့်ကို
လည်း အလိုက်သိသိ
ားကြီး။
လာမှာဆိုတော့ မင်း
သားတာဝန် ကျေပွန်ဖို့
မင်းကလည်း ငါ့သား
ယ့်ရက်ကိုကော သိရဲ့
က်မိဘူးဖေကြီးလို့ မင်း
၊ မှတ်ထား။ လာမယ့်
က်စွဲလည်း ပြောလိုက်
)ရက်နေ့ပေါ့ကွာ။
းလုံးကာလနောက်ပိုင်း
သက်(၂၁)နှစ်ရှိနေတဲ့



> **ရှစ်လေးလုံးကာလနောက်ပိုင်း ၁၉၈၉ ခုနှစ်မှာ သားကြီးကိုမွေးတာဆိုတော့ အသက်(၂၁)နှစ်ရှိနေတဲ့ သားကြီးလည်း မဲပေးရတော့မှာပေါ့။ မင်းအသက်အရွယ်မှာ ပထမဆုံး မဲပေးခွင့်ရတာလို့ ပြောလို့ရပါတယ်။ ဖေကြီးအတွက်ကတော့ ၁၉၇၄ မှာ တစ်ကြိမ်၊ ၁၉၉၀ မှာ တစ်ကြိမ်၊ ၂၀၀၈ မှာ တစ်ကြိမ်၊ အခု တစ်ကြိမ်ဆိုတော့ လေးကြိမ်ရှိပြီပေါ့ကွာ။ ဖေကြီးကတော့ ကိုယ်ရတဲ့ အခွင့်အရေးကို ကိုယ်ကလက်မလွတ်စတမ်း အကျိုးရှိရှိသုံးခဲ့တာပဲ။ အခုဖွဲ့စည်းပုံဥပဒေကို အတည်ပြုခဲ့တဲ့နေရာမှာ ငါပါတယ်ကွလို့ ရဲရဲပြောနိုင်တယ်။ နိုင်ငံကြီးသားပီသချင်တဲ့စိတ်ရှိတဲ့သူတိုင်း နိုင်ငံကြီးသားတွေရတဲ့ မဲပေးခွင့်ဆိုတာကို အကျိုးရှိရှိအသုံးချကြလေရဲ့ သားကြီးရေ။**

သားကြီးလည်း မဲပေးရတော့မှာပေါ့။ မင်းအသက်အရွယ်မှာ ပထမဆုံး မဲပေးခွင့်ရတာလို့ ပြောလို့ရပါတယ်။ ဖေကြီးအတွက်ကတော့ ၁၉၇၄ မှာ တစ်ကြိမ်၊ ၁၉၉၀ မှာ တစ်ကြိမ်၊ ၂၀၀၈ မှာ တစ်ကြိမ်၊ အခု တစ်ကြိမ်ဆိုတော့ လေးကြိမ်ရှိပြီပေါ့ကွာ။ ဖေကြီးကတော့ ကိုယ်ရတဲ့ အခွင့်အရေးကို ကိုယ်ကလက်မလွတ်စတမ်း အကျိုးရှိရှိသုံးခဲ့တာပဲ။ အခုဖွဲ့စည်းပုံဥပဒေကို အတည်ပြုခဲ့တဲ့နေရာမှာ ငါပါတယ်ကွလို့ ရဲရဲပြောနိုင်တယ်။ နိုင်ငံကြီးသား ပီသချင်တဲ့စိတ်ရှိတဲ့သူတိုင်း နိုင်ငံကြီးသားတွေရတဲ့ မဲပေးခွင့်ဆိုတာကို အကျိုးရှိရှိအသုံးချကြလေရဲ့ သားကြီးရေ။

သားကြီးအတွက် ပထမဆုံးအကြိမ် လူရာအသွင်းခံရတဲ့ကိစ္စမို့ မပျက်မကွက်မဲပေးဖို့ ဖေကြီးက အကြံပြုချင်တယ်။ ဟုတ်တယ်လေ။ တိုင်းပြည်ရဲ့ကံကြမ္မာကို အဆုံးအဖြတ်ပေးမယ့်ကိစ္စမှာ မင်းရဲ့ဆန္ဒကို ပွင့်ပွင့်လင်းလင်း ပြခွင့်ရမယ့်အခွင့်အရေးဟာ လူရာအသွင်းခံရတဲ့ ကိစ္စလို့ ဖေကြီးကတော့ထင်တာပဲကွ။ မင်းကို တူတူတန်တန် လူရာသွင်းတာကို မင်းကလည်းထိုက်တန်ကြောင်း ပြဖို့လိုတယ်။ သားသဘောပေါက်မယ်ထင်တယ်နော်။ မင်းအမေနဲ့ချိန်ကြည့်စမ်း။ မင်းကို မင်းအမေကြီး ခဏခဏပြောတယ်မို့လား။ အိမ်ကိစ္စ နင်ဝင်ဝင်မပါနဲ့။ ငါတို့လူကြီးတွေကြည့်ရှင်းမယ်ဆိုတာလေ။ ပြေးကြည့်မှ လေးယောက်တည်းရှိတဲ့ အိမ်ကိစ္စထဲမှာတောင် မင်းကို ခွဲခြားခွဲခြားနဲ့ နှိမ်ထားတာလေ။ ငါကလည်း မင်းအမေပြောလို့သာ လူကြီးလိုက်ရတာ။ သူပြောသမျှလိုက်လုပ်နေရတဲ့သူဆိုတာ မင်းအသိပဲ။ ကဲ ကြည့်၊ ဒီလို လူလေးယောက်ကိစ္စမှာတောင် ဝင်ပါခွင့်မရတဲ့ငါ့သားက ကြီးကြီးကျယ်ကျယ်ပြောရင် နိုင်ငံနဲ့ချီတဲ့ကိစ္စမှာ မင်းသဘောထားကို မင်းလွတ်လွတ်လပ်လပ် ပြသခွင့်ရတာ။ ဘယ်လောက်ကြီးကျယ်လဲ။ It's a great chance ကွ။ အဲသည်တော့ သည်လိုမဲပေးခွင့်ရတာကို မင်းက မိမိရရအသုံးချဖို့လိုတယ်။ ဟုတ်တယ်မို့လား။ Grab it နားလည်တယ်မို့လား။ မင်းကို ဖေကြီးသင်ပေးထားတာလေ Leave it or grab it. ပေယျာလကန် ပစ်ထားလိုက်မလား။ ဘယ်သူ့မှမပေးဘဲ ဇွတ်ခနဲ ကောက်ယူလိုက်မလား။ ကောက်ယူရမှာလေ။ ဒါ့ကြောင့် Grab it.

မင်းသူငယ်ချင်းတွေကိုလည်း ပြောပြလိုက်။ သူတို့လည်း သူတို့ရဲ့ အခွင့်အရေးကို သေသေချာချာအသုံးချဖို့ လိုတယ်လေကွာ။ ကြိုက်တဲ့လူကို မဲပေး၊ မကြိုက်တဲ့လူကို မရွေးနဲ့။ ဘယ်လောက်ကောင်းလဲ။ (မင်းပြောသလိုပြောရရင် မိုက်တယ်ပေါ့ကွာ) မင်းတို့မကြိုက်ဘူးလား။ မကြိုက်ကြောင်းတရားဝင်ပြနိုင်တဲ့အခွင့်အရေးကွ။ ဖေကြီး မင်းကို ငယ်ငယ်လေးကတည်းက သင်ပေးထားတာမှတ်မိလား။ ယောကျာ်းချင်း Eyes to Eyes မျက်စိတည့်တည့်ကြည့်ပြီး မကြိုက်ရင်မကြိုက်ဘူး၊ မကျေနပ်ရင် မကျေနပ်ဘူးလို့ တရားဝင်ပြောရဲတဲ့ သတ္တိရှိပါစေ။ အခုမဲပေးရမယ့် ကိစ္စကလည်း အဲဒီလိုပဲ။ တရားဝင် Fair Fight တစ်မျိုးပဲ။ မျှမျှတတယှဉ်ကြတာ။ အရည်အချင်းသာတဲ့သူ နိုင်စတမ်းပေါ့။ ဘာလို့မဲမပေးရဲစရာရှိလဲ။ မဲမပေးဘဲ နေရမှာလဲ။ မင်းတို့တွေလို နိုင်ငံခြားမှာ တရားဝင်ရောက်နေ၊ အလုပ်လုပ်နေ၊ ပညာသင်နေကြတဲ့ မြန်မာနိုင်ငံသားတွေအားလုံး မဲပေးနိုင်အောင် နိုင်ငံခြားက မြန်မာသံရုံးတွေမှာ လုပ်ပေးထားမှာ သေချာတယ်။ ရဲရဲသွား။ ရဲရဲပေး။ ရင်ကော့ပြီးပြန်လာ။ ဟုတ်လား။

ကြုံလို့ပါကွာ။ မဲမပေးဖို့ ပြောနေ ဆိုနေ ရေးနေတာတွေလည်း ဖေကြီးတို့၊ သားကြီးတို့ သိနေကြတာပဲ။ အင်တာနက်ခေတ်ကွာ။ Global village ကွာ။ အားလုံးသိနေကြတာပဲ။ ဒါက သူများ အခွင့်အရေးကို လိုက်ပြီးပိတ်ပင်နေတာကွ။ Human Right လို့ ပြောနေကြတဲ့အထဲမှာ မဲပေးခွင့်လည်းပါတယ်လေ။ **သူများတွေ နားဝေတိမ်တောင် ဖြစ်အောင် ဘာလို့ပြောနေကြ၊ တိုက်တွန်းနေကြ၊ အယုံသွင်းနေကြတာလဲ မသိဘူး။ အဲသလို မဲမပေးဖို့ သူများကို လိုက်ပြောနေတာကိုက လူ့အခွင့်အရေးကို ချိုးဖောက်ရာရောက်တယ်။ ကိုယ့်အခွင့်အရေးကိုလည်း ကိုယ်ပိတ်ရာရောက်နေတယ် ထင်တာပဲကွာ။ စဉ်းစားဉာဏ်ရှိသူတွေ၊ နိုင်ငံအကျိုးကို လိုလားသူတွေ၊ အမြော်အမြင်ရှိသူတွေ၊ မစားရတဲ့အမဲ သဲနဲ့ပက်မယ်ဆိုတဲ့ မကောင်းစိတ်မရှိသူတွေဆိုရင်တော့ ဒီလိုမလုပ်သင့်ဘူး။ မလုပ်လောက်ဘူးထင်တာပဲလေ။ အဲဒီလူတွေမှာလည်း မဲပေးခွင့်ရှိနေတာပဲ။ သူတို့မကြိုက်တာကို မကြိုက်ကြောင်း ပြနိုင်ခွင့်ကို တရားဝင်ပေးနေတာတောင် မယူရဲတာ၊ မယူတာ၊ မယူအောင်လုပ်နေကြတာဟာ ပုဆိုးခြုံထဲက လက်သီးပြနေသလို ဖြစ်နေတယ်လို့ ဖေကြီးတော့ထင်တာပဲ သားကြီးရယ်။ "စွမ်းမယ်ထင် လုပ်ကြည့်လိုက်လေ"ဆိုတဲ့ သီချင်းစာသားကို သွားပြီး အမှတ်ရတယ်။ Fair Fight ဆိုတာ တော်ရုံလူလုပ်နိုင်ပါ့မလားကွ သားကြီးရ။**

အယုံသွင်းဖို့ဆိုတာလည်း ပြောလို့သာပြောတာပါကွာ။ သည်နေ့ သားကြီးတို့လို အသက် (၂၀)ဝန်းကျင်အပြင် ဖေကြီးတို့လို အဘိုးကြီးပေါက်စအပါအဝင် အလယ်အလတ် သက်တမ်းဝင်တွေကလည်း ခပ်တုံးတုံးတွေမှ မဟုတ်တာ။ သိနေကြတဲ့လူတွေပါပဲ။ ပါတီတွေအကြောင်း၊ ခေါင်းဆောင်မယ့်သူတွေအကြောင်း၊ ပါတီတွေရဲ့ ခံယူချက်တို့၊ သူတို့ သွားမယ့်လမ်းကြောင်းတို့၊ ဖေကြီးတို့ တိုင်းသူပြည်သားတွေကို ဘာတွေကို အာမခံပြီး လုပ်ပေးမယ်ဆိုတာတွေကို သိလွန်းလို့မှ သိသိ၊ သိသိနဲ့ နေသေးတယ်မို့လားကွ။ ပါးစပ်ဟရင် အူဘယ်နှခွေဆိုတာအပြင် သံဘယ်နှကောင် ရှိတယ်ဆိုတာတောင် သိပြီးသားကွ။ ဂျာနယ်တွေ စာစောင်တွေမှာဆိုလည်း နိုင်ငံရေးနဲ့ ပတ်သက်တာ၊ တွေးခေါ်တာ၊ စဉ်းစားသင့်တာတွေ ရေးထားလိုက်တာ မနည်းမနောပဲ။ သူတို့ကိုတောင် ဖေကြီးအံ့သြနေတယ်။ အရင်ကဆို ဒါမျိုးက ရှားပါးလေ။ အခုတော့ မစားချင်မှအဆုံး။ ဝအီလွန်းလို့တောင် အအီပြေလေးတွေလည်း ရှာဖတ်ရသေးတယ်။ သူတို့ဆိုတာ သိတယ်မို့လား။ ရုပ်မြင်သံကြားမှာ လွန်ခဲ့တဲ့ နှစ် (၂၀)ကျော်လောက်က မင်းသားကြီး ကိုကျော်ဟိန်းနဲ့ မတူးတို့ ရိုက်ထားတဲ့ "ဒီအတိုင်းပဲကောင်းပါတယ်"ဆိုတဲ့ ရုပ်သံဇာတ်လမ်းတိုထဲကပေါ့။ ကိုကျော်ဟိန်းရဲ့ မိန်းမအဖြစ် သရုပ်ဆောင်တဲ့ မတူးကို ကိုကျော်ဟိန်းက ပြောတယ်လေ။ သူကတော့ သူတို့ကို မေတ္တာပို့တာပေါ့ကွာဆိုပြီး စပ်ဖြဲဖြဲရုပ်နဲ့ မိုးပေါ်ကို လက်ညှိုးထိုးပြတာ။ အဲသည်လိုပဲ။ ဖေကြီးလည်း သည်တစ်ခါတော့ သူတို့ကို တော်တော်အံ့သြတယ်။ လွှတ်ထားပေးတာ၊ လွတ်လပ်ခွင့်ပြောတာ။ Media Freedom လို့တောင် ပြောလို့ရလောက်အောင် ဂျာနယ်တွေမှာ တော်တော်ကို ရေးခွင့်ရနေကြတာကို ပြောပါတယ်။ အံ့မယ် တချို့ဆိုရင် ချိတ်တိတ်တိတ်ကွ. . . သိလား သားကြီး။

မဲပေးရမယ့်ကိစ္စတွေကို သိနေတယ်ဆိုပေမယ့် သားကြီးကို ဖေကြီး နည်းနည်းတော့ ပြောချင်သေးတယ်။ အားနေတုန်း စာရေးရတာဆိုတော့လေ။ ပါတီတွေကလည်း အများကြီး၊ (၃၇)ပါတီတောင်။ သူတို့တွေ ရေဒီယိုနဲ့ရုပ်သံမှာ မဲဆွယ်ဟောပြောတာတွေကို သားကြီးတို့ ကြည့်ရလား။ MI(Myanmar International) ကတော့ ပါတီတွေ ဟောပြောချက်အကျဉ်းချုပ်တွေကို အင်္ဂလိပ်လိုလွှင့်တာတွေ့တယ်။ ရှာကြည့်ပေါ့ကွာ။ အင်တာနက်ထဲမှာ ရှိမှာပါ။ ကတိပေးတာတော့ အများကြီးပဲကွ။ ပါတီတွေ ပြောကြတာတွေပြောပါတယ်။ ကောင်းပေ့။ ညွှန့်ပေ့တွေချည်းပဲပေါ့။ ဖေကြီးတို့မမီပေမယ့် ကြားဖူး၊ ဖတ်ဖူးတဲ့ "လူတစ်ယောက်၊ တိုက်တစ်လုံး၊ ကားတစ်စီး" ဆိုတဲ့ ကတိမျိုး မပါတာတော့ ဝမ်းသာစရာပဲ။ မဖြစ်နိုင်တာကို ကြားရတာကိုက စိတ်မချမ်းသာစရာပါ။ မစားရဝခမန်းဆိုတာ အလကားပါ သားကြီးရာ။ တကယ်ဖြစ်နေတာ၊ တကယ်တွေ့နေရတာတွေကို အခြေခံပြီးမှ ဘယ်သူ့ကို၊ ဘယ်ပါတီကို မဲပေးမယ်ဆိုတာ ဆုံးဖြတ်။ ကိုယ့်မျက်စိနဲ့မြင်နေ၊ တွေ့နေရတာတွေကို အခြေခံပြီးမှလုပ်။ လုပ်ပြထားတဲ့လူက ဆက်လုပ်ဖို့၊ ဆက်လုပ်နိုင်ဖို့ သေချာတယ်။ လေဖမ်းတရားနာနေလို့ကတော့၊ လေထဲတိုက်အိမ်ဆောက်နေလို့ကတော့ ဖြစ်မလာနိုင်ဘူးဆိုတာ မှတ်ထား။ သားကြီး သူငယ်ချင်းတွေကိုလည်း အဲသည့်အကြောင်းတွေပြောပြပါ။ မဲပေးဖြစ်အောင်ပေးပါ။ ဒို့တွေလည်း မြန်မာပြည်ထဲမှာ မဲပေးကြမှာ။ မင်းတို့တွေလည်း နိုင်ငံခြားမှာ ရောက်နေပေမယ့် ပေးထားတဲ့အခွင့်အရေးနဲ့ ကိုယ့်ရဲ့ပိုင်ခွင့်အရ မဲပေးဖြစ်အောင်ပေးကြ။

ဖေကြီးပြောနေတာတွေက ရှည်တယ်ဆိုရင်လည်း မင်းတို့က နိုင်ငံခြားမှာ ရောက်နေတဲ့ကောင်တွေဆိုတော့ အင်္ဂလိပ်လိုပဲပြောရင် တိုတိုတုတ်တုတ်နဲ့ နားလည်မယ်ထင်တယ်။ Reject and Elect by Yourself ပေါ့ကွာနော့။ Reject မကြိုက်ရင်ပယ်လိုက်၊ Elect ကွာ။ ကြိုက်ရင်ရွေးလိုက်။ တင်မြှောက်လိုက်။ By Yourself မင်းကိုယ်တိုင်လုပ်လိုက် ဟုတ်ပြီလား။ သားကြီးလည်း တကယ်ပြန်လာနိုင်မယ့်ရက်ကို သေချာရင် ဖေကြီးဆီကို e-mail ပို့လိုက်ပါဦး။ ဖေကြီးလည်း ခွင့်ရအောင်ကြိုပြီး တင်ပြထားလိုက်ဦးမယ်။

သားကြီးကိုချစ်တဲ့
ဖေကြီး

စုံညီဆန္ဒပေး

» **မဲဆန္ဒရှင် ပြည်သူတွေ**
မဲပေးကြမယ်လေ။
ဒီမိုကရေစီ အခွင့်အရေး
လက်လွတ်မခံနဲ့လေး။

» **ရွေးချယ်ရာတွင် အမှန်မြင်**
အသိတရားနှင့်ယှဉ်။
တိုင်းပြည်ပေါ်တွင် စေတနာထား
စွမ်းဆောင်နိုင်သူများ။

» **တစ်နပ်စားဉာဏ် အကောက်ကြံ**
နိုင်ငံရေးကို လုပ်စားရန်။
အန္တရာယ်ရှိသူများ
မရွေးချယ်ဖို့ သတိထား။

» **အမျိုးသားရေးမို့ တာဝန်ကျေ**
မဲပေးပိုင်ခွင့်ရှိသူတွေ။
ဒီမိုကရေစီဖြစ်တည်ရေး
စုံညီဆန္ဒပေး။ ။

စိုးမိုး(ပုသိမ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း တောင်ကုန်းမူလတန်းလွန်ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ကရုပ္ပိတံတားဖွင့်ပွဲတက်ရောက်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း မြိုင်ကလေးစံပြကျေးရွာရှိ စပါးမျိုးသန့်မျိုးစေ့ထုတ် စံပြကွက်များကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၂၉

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်းသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ကွင်းရပ်ရှိ တောင်ကုန်း မူလတန်းလွန်ကျောင်း ဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရှေးဦးစွာ ကျောင်းအကျိုးတော်ဆောင်တစ်ဦးက ကျောင်းဆောင်သစ် ဆောက်လုပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။

ယင်းနောက် တိုင်းမှူး၊ ပြည်နယ်ပညာရေးမှူးနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်သက်နိုင်ဝင်းက ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်-ပင-ကရုပ္ပိ-ကော့လေး ကျေးလက်ကတ္တရာလမ်းပေါ်ရှိ ကရုပ္ပိတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ တံတားတည်ဆောက်ရေးကော်မတီဥက္ကဋ္ဌက တံတားတည်ဆောက်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့် တံတားတည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌတို့က ကရုပ္ပိတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗိုလ်ချုပ်သက်နိုင်ဝင်းက တံတားဖွင့်ပွဲ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ကရုပ္ပိတံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြကာ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်းသည် တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် အောက်တိုဘာ ၂၈ ရက်တွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ရှေးဦးစွာ ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တိုင်းမှူးတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကရင်ပြည်နယ်ပညာရေးမှူးက အောင်ချက်မြင့်မားရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ပြည်နယ်ဥက္ကဋ္ဌနှင့် စေတနာရှင်များက လှူဒါန်းသည့် အလှူငွေများကို လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က စေတနာရှင်များလှူဒါန်းသည့် အလှူငွေများကို လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်သက်နိုင်ဝင်းက လေးဘာသာဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ငါးဦးတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးမြို့နယ်များ၊ အောင်ချက်အကောင်းဆုံးကျောင်းများနှင့် သင်ကြားမှု ထူးချွန်ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြရာ ဆုရကျောင်းသား၊ ကျောင်းသူများ၊ ဆရာဆရာမများနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ဗိုလ်ချုပ်သက်နိုင်ဝင်းသည် တိုင်းမှူး၊ ပြည်နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် လှိုင်းဘွဲ့မြို့ရှိ ရေဘုတ်ရေလှောင်တမံ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ရေလှောင်တမံ၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်သက်နိုင်ဝင်းက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးကျင်းပသည့် ရေဘုတ်ရေလှောင်တမံအတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး ငါးမျိုးစုံတို့ကို ရေလှောင်တမံအတွင်းသို့ စိုက်ထည့်ပေးကြသည်။

ယင်းနောက် ရေဘုတ်ရေလှောင်တမံအတွင်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အဖွဲ့ဝင်များသည် ထီလုံစစ်မှုထမ်းဟောင်းအိမ်ရာအုပ်ချုပ်မှုရုံးသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက အိမ်ရာတည်ဆောက်ရေးဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်းက အိမ်ရာတည်ဆောက်နေမှုနှင့် စပ်လျဉ်း၍ လိုအပ်သည်များကိုမှာကြားကာ စစ်မှုထမ်းဟောင်း မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး စားသောက်ဖွယ်ရာများနှင့် လက်ဆောင်များကို ပေးအပ်သည်။

ယင်းနောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူဖောက်လုပ်လျက်ရှိသော ထီလုံ - တာပေါင် - ပတ-နဘူး-အောက်ဘိုတဲလမ်း ဖောက်လုပ်ရေးယာယီရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက လမ်းဖောက်လုပ်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်းသည် လမ်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဘားအံတပ်နယ်ခန်းမ၌ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အဖွဲ့ဝင်များသည် မြိုင်ကလေးစံပြကျေးရွာကွင်းအမှတ် ၁၀၄၂ သို့ ရောက်ရှိရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာက သီးနှံများစိုက်ပျိုးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်းက လိုအပ်သည်များကို မှာကြားပြီး နမူနာပြသထားသည့် စပါးမျိုးများ၊ ဆန်များ၊ ပိုးသတ်ဆေးများ၊ မြေသြဇာများ၊ မိုးစပါးများ ရိတ်သိမ်းနေမှုအခြေအနေနှင့် စပါးမျိုးသန့် မျိုးစေ့ထုတ် စံပြကွက်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ သထုံမြို့ သုဓမ္မဝတီ မြို့သစ် စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက နေအိမ်များတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်သက်နိုင်ဝင်းက လိုအပ်သည်များကို မှာကြားကာ လူနေအိမ်များ တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ စစ်မှုထမ်းဟောင်း မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့် အား ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) ဌာနေကိုယ်စားလှယ် Mr. Carlos Alberto Veloso လာရောက် တွေ့ဆုံစဉ်။
(သတင်းစဉ်)

ဝန်ကြီး ဦးသိန်းညွန့်အား ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်အား ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)ဌာနေကိုယ်စားလှယ် Mr. Carlos Alberto Veloso သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး၏ ညှိခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ရေရှည်ကယ်ဆယ်စောင့်ရှောက်ရေးနှင့် ထူထောင်ရေးစီမံကိန်းနှင့်စပ်လျဉ်း၍ အောင်မြင်စွာ အကောင်အထည်ဖော်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

ရခိုင်သဟာယအသင်း(ရန်ကုန်)ရုံး၌ ဂီရိမုန်တိုင်းဒဏ်သင့်သူများအတွက် လာရောက်လှူဒါန်းနိုင်

ရန်ကုန် အောက်တိုဘာ ၂၉

ဆိုင်ကလုန်းမုန်တိုင်း ဂီရိဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ကျောက်ဖြူ၊ မြေပုံ၊ ပေါက်တောနှင့် မင်းပြား မြို့နယ်သူ၊ မြို့နယ်သားများအတွက် ကူညီထောက်ပံ့ပေးနိုင်ရန် ရခိုင်သဟာယအသင်းက စုစည်း၍ ရန်ကုန်မြို့ရှိ ရခိုင်မြို့နယ်အသင်းများနှင့် လူမှုရေးအဖွဲ့များ ပါဝင်သော လေဘေးကူညီရေးကော်မတီ အလှူခံဌာနကို သဟာယရုံးတည်နေရာ အမှတ်(၁၁၅) ပထပ်(ညာ) သမိန်ဗရမ်းလမ်း Moon Bakery အနီး တာမွေအဝိုင်းထိပ်၌ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အစားအသောက်၊ အဝတ်အထည်၊ အမိုးအကာနှင့် ငွေကြေးလှူဒါန်းလိုသူများသည် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း ရုံးခန်း ဖုန်း-၄၃၀၀၇၂၊ ဒေါက်တာကျော်သိန်း ဖုန်း-၀၉-၅၁၂၇၄၆၇၊ ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးဘိုးတင် ဖုန်း-၀၉-၅၁၀၆၉၂၆၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀၀၁၁၈၀၊ ဦးဦးလှမြင့် ဖုန်း-၇၃၀၈၈၉၀၆၊ ဦးသာမြကျော် ဖုန်း-၀၉-၅၁၅၅၄၁၉၊ ဦးထွန်းနိုင် ဖုန်း-၀၉-၈၅၁၀၄၀၀၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀၆၄၆၅၃၊ ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁၃၉၇၉၀၊ ဦးမျိုးလွင် ဖုန်း-၀၉-၅၁၆၉၈၀၈၊ ဦးသန်းမောင် ဖုန်း-၃၇၂၇၆၀၊ ဒေါ်စောခင်တင့် ဖုန်း-၇၀၉၇၈၅၊ ဒေါ်အေးအေးစံ ဖုန်း-၂၉၃၇၈၄၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၁၄၄၂၈၊ ဦးသန်းထွန်း ဖုန်း-၀၉-၅၁၀၄၉၀၁၊ ဦးသိန်းဇော် ဖုန်း-၀၉-၈၅၀၁၄၃၆၊ ဦးဦးထွန်းသိန်း ဖုန်း-၀၉-၅၅၀၀၅၉၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကော့သောင်းမြို့ ဘုရင့်နောင်ကုန်းမြေ ပတ်လမ်းတွင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် လေ့လာရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့၌ ကြည့်ရှုလေ့လာကြပြီး ပြန်လည်ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၂၉

အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် ARMY HIGHER COMMAND COURSE မှ Major General GS Malhi, VSM ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၄ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

အဆိုပါ လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၅ ရက် နံနက် ၈ နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ နေပြည်တော်သို့ ရောက်ရှိကြပြီး နေပြည်တော်ရှိ ပေါင်းလောင်းရိပ်သာ၌ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး လှဋ္ဌေးဝင်းအား တွေ့ဆုံနှုတ်ဆက်ကာ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၌ ကြည့်ရှုလေ့လာကြပြီး ဥပ္ပါတသန္တိစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြကာ နေပြည်တော်ရေပန်းဥယျာဉ်၌ ကြည့်ရှုလေ့လာ အပန်းဖြေကြသည်။

ထို့အတူ အိန္ဒိယတပ်မတော် ARMY HIGHER COMMAND COURSE မှ Major General GS Malhi, VSM ၏ ဇနီးနှင့်အဖွဲ့ဝင်များသည် အောက်တိုဘာ ၂၅ရက် နံနက်ပိုင်းတွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)နှင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့ကို ကြည့်ရှုလေ့လာကြသည်။

အိန္ဒိယတပ်မတော် ARMY HIGHER COMMAND COURSE မှ Major General GS Malhi, VSM ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၆ ရက်တွင် မန္တလေးမြို့မှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ရောက်ရှိကြပြီး အနောက်မြောက်တိုင်း စစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်အား တွေ့ဆုံနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးက အိန္ဒိယတပ်မတော်လေ့လာရေး ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် မန္တလေးမြို့သို့ ရောက်ရှိကြပြီး မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကာ မန္တလေးတောင်ပေါ်မှ ညနေ နေဝင်ဆည်းဆာအလှကို ကြည့်ရှုကြသည်။

လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် မဟာမြတ်မုနိရုပ်ရှင်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အမရပူရမြို့နယ်ရှိ ဦးပိန်တံတား၊ ရွှေဆင်ဟိုင်းပိုးထည်တိုက်၊ အောင်နန်းရွှေချည်ထိုးမြန်မာ့လက်မှုလုပ်ငန်း၊ ဂဠုန်မင်း ရွှေဆိုင်းလုပ်ငန်း၊ မန္တလေးနန်းမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်နှင့် ရွှေနန်းတော်ယဉ်ကျေးမှုပြတိုက်တို့ကို သွားရောက် ကြည့်ရှုလေ့လာကြသည်။

ထို့နောက် အိန္ဒိယတပ်မတော် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့သည် မန္တလေးမြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

အိန္ဒိယတပ်မတော် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တိုင်းရင်းသားကျေးရွာနှင့် ဗိုလ်ချုပ်ဈေးတို့ကို လှည့်လည်ကြည့်ရှုကြပြီး ဒဂုံမြို့နယ် ဇီဝကလမ်းရှိ စပါးရှားဂူဗိမာန်သို့ သွားရောက်လေ့လာကြကာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

အိန္ဒိယတပ်မတော် ARMY HIGHER COMMAND COURSE မှ Major General GS Malhi, VSM ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ်ရှိ ထောက်ကြန့်စစ်သင်္ချိုင်းကို ကြည့်ရှုလေ့လာကြပြီး ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ (သတင်းစဉ်)

အိန္ဒိယတပ်မတော် ARMY HIGHER COMMAND COURSE မှ Major General GS Malhi, VSM ဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ပြန်လည်ထွက်ခွာရာ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။
(သတင်းစဉ်)

ရခိုင်ပြည်နယ် ဆိုင်ကလုန်းမုန်တိုင်းဂီရိဒဏ်သင့် ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၂၉

ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့သို့ ဝင်ရောက်တိုက်ခတ်သွားခဲ့သော ဆိုင်ကလုန်းမုန်တိုင်း ဂီရိ ဒဏ်သင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ် လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေကိုယ်စား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံသည်။

အဆိုပါ အခမ်းအနားတွင် ဦးမောင်မောင်စိုးတင့် (သံအမတ်ကြီး) (ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ကြည် မိသားစုတို့က ငွေကျပ် နှစ်သိန်း၊ မြန်မာအန်ဂျီအို ကွန်ရက်အဖွဲ့ (MNN) ဒုတိယဥက္ကဋ္ဌ ဒေါက်တာ တင်ရွှေက အဖွဲ့ကိုယ်စား ငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် ၂၄၁၅၅၀၀ တန်ဖိုးရှိ ဆေးမျိုးစုံနှင့် ကျန်းမာရေးအိမ်သုံးဆေးပစ္စည်းများ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း (BDA) ဥက္ကဋ္ဌ ဦးမောင်မောင်စိုးတင့်က အသင်းကိုယ်စား ငွေကျပ် ငါးသိန်း တန်ဖိုးရှိ ဆေးမျိုးစုံတို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် မြန်မာအန်ဂျီအို ကွန်ရက်အဖွဲ့ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်ရွှေ အဖွဲ့ကိုယ်စား ငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် ၂၄၁၅၅၀၀ တန်ဖိုးရှိ ဆေးမျိုးစုံနှင့် ကျန်းမာရေးအိမ်သုံးဆေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် လက်ခံစဉ်။
(သတင်းစဉ်)

မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၀ View Soinc အရောင်းပြခန်း ပါဝင်ပြသ

ရန်ကုန် အောက်တိုဘာ ၂၉

မြန်မာ့သတင်းအချက်အလက်နှင့် နည်းပညာပြပွဲ ၂၀၁၀ ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ပြသလျက်ရှိရာ View Soinc အရောင်းပြခန်းလည်း ပါဝင်ပြလျက်ရှိသည်။ **(အောက်ပုံ)**

View Soinc အရောင်းပြခန်း၌ နည်းပညာသစ်ပစ္စည်းများဖြစ်သော Portable Pocket DV Projector/3D ဓာတ်ပုံ၊ Movie များကို ရိုက်နိုင်သော 3DV5 3D Camera နှင့် 3D ဓာတ်ပုံ၊ Movie များကို ပြန်လည်ကြည့်ရှုနိုင်သည့် 3D Digital Photo Frame/Scanner အဖြစ် အသုံးပြုနိုင်သည့် Protable Camera Scanner, Apple မှ ထုတ်လုပ်သော i pad ကဲ့သို့ Android OS, Window OS တို့ဖြင့် အသုံးပြုနိုင်သည့် 10", 7", 5" အရွယ်ရှိ View Sonic Viewpad Tablet များအား ပစ္စည်းသစ်အဖြစ် မိတ်ဆက်ပြသထားပြီး ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှ စတင်ဖြန့်ဖြူးရောင်းချမည်ဖြစ်သည်။

အထူးဈေးနှုန်းများအဖြစ် View Soinc Monitor များအား ၁၀ ရာခိုင်နှုန်း Discount ဖြင့် လည်းကောင်း၊ View Soinc Laptop Viewbook များအား ၂၅ ရာခိုင်နှုန်း Discount ဖြင့် လည်းကောင်း ရောင်းချပေးလျက်ရှိသည်။

View Sonic အမှတ်တံဆိပ် ပစ္စည်းများအား အမှတ် (၈)၈၇-လမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း -၃၈၉ ၃၆၆၊ ၇၃၁၀၃၀၅၁ တို့သို့ ဆက်သွယ်မှာယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကျောက်ချောလမ်းခင်း

မုံရွာ အောက်တိုဘာ ၂၉

မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မုံရွာမြို့ ထန်းတောရပ်ကွက် သိရီမင်္ဂလာလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးသင်းမင်းလတ် စက်တင်ဘာ ၂၉ ရက်က ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်သီတာဦးက ရှင်းလင်းတင်ပြကြောင်း သိရသည်။ (ကြေးမုံ)

ပဲခူးယ်ကုန်းအထက အာစရိယပူဇော်ပွဲကျင်းပ

ပဲနွယ်ကုန်း အောက်တိုဘာ ၂၉

ပဲနွယ်ကုန်း အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ယင်းကျောင်းခန်းမ၌ အောက်တိုဘာ ၂၄ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ အငြိမ်းစားဆရာကြီး၊ ဆရာမကြီး ၁၀၀ တက်ရောက် အပူဇော် ခံခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၂၈) ကြိမ်မြောက် ပဲနွယ်ကုန်း အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ကန်တော့ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

မြေသားလမ်းဖောက်လုပ်

ပဲခူး အောက်တိုဘာ ၂၉

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပဲခူး-ဇိုင်းဂနိုင်းကြီး မြေသားလမ်းအား စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေမှုကို အောက်တိုဘာ ၁၅ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကျော်လူတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။
(မြို့နယ်စည်ပင်)

အရှေ့ပိုင်းဒေသများ မိုးအနည်းငယ်ထစ်ချုန်းနိုင်

နေပြည်တော် အောက်တိုဘာ ၂၉

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်း ဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** စစ်ကိုင်းမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ညောင်လေးပင်မြို့တွင် ၁ ဒသမ ၅၄ လက်မ၊ ရွှေကျင်မြို့နှင့် လှိုင်ကော်မြို့တို့တွင် ၁ ဒသမ ၁၈ လက်မစီတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၃၀ ရက် ညနေထိခန့်မှန်းချက်။ ။ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုဝင်ဘာလ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက် ။ လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

အမှားပြင်ဆင်ဖော်ပြခြင်း

၁။ ၂၈-၁၀-၂၀၁၀ ရက်နေ့ထုတ် 7 Day News ဂျာနယ် အတွဲ (၉) အမှတ် (၂၃) အချပ်ပို A တွင် မဲဆန္ဒရှင်လမ်းညွှန် (Voter Guide) ခေါင်းစဉ်ကျာဖြင့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များတွင် ပါဝင်မည့် ကိုယ်စားလှယ်အရွေးအတွက် ဆိုင်ရာ အကြောင်းအရာများ၊ မဲဆန္ဒရှင်များ မဲထည့်ရာတွင် ပယ်မဲမဖြစ်စေနိုင်သည့် မဲလက်မှတ်ပုံစံများအား ပုံနှိပ် ဖော်ပြခဲ့ပါသည်။

၂။ ယင်းကဲ့သို့ ဖော်ပြချက်များအတွင်း၌ ပယ်မဲမဟုတ်သော မဲလက်မှတ်နမူနာပုံစံများကို အောက်ပါအတိုင်း ပုံလေးပုံ၌ ပုံစာများရေးထိုး၍ ဖော်ပြခဲ့ပါသည် -



ပုံ (၁)



ပုံ (၂)



ပုံ (၃)



ပုံ (၄)

၃။ အထက်ဖော်ပြပါ ပုံ(၄)ပုံအနက် ပုံ (၁)နှင့် ပုံ (၃)၌ အမှန်ခြစ်ထားသောပုံစံသည်သာ ပယ်မဲအဖြစ် မသတ်မှတ်နိုင်ကြောင်း မှန်ကန်ပြီး ပုံ (၂)နှင့် ပုံ (၄)တွင် ရေးခြစ်ထားသော ပုံစံအနေအထားများမှာမူ မှားယွင်းခဲ့ပါသည်-



ပုံ (၂)



ပုံ (၄)

၄။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ပုံ (၂)နှင့် ပုံ (၄) ပုံစံအတိုင်း မဲလက်မှတ်ပေါ်တွင် ရေးခြစ်ဆန္ဒပြုမိပါက ယင်းမဲလက်မှတ်အား ပယ်မဲအဖြစ် သတ်မှတ်ခံရမည်ဖြစ်ပါကြောင်း အများပြည်သူ သိရှိနိုင်ရန် အမှားပြင်ဆင် ဖော်ပြအပ်ပါသည်။

စာတည်းအဖွဲ့

7 Day News Journal

(30-10)12.pmd 1 10/30/2010, 3:33 AM

❏ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❏ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❏ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❏ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❏ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ပါတီတွေအကြောင်း၊ ခေါင်းဆောင်မယ့်သူတွေအကြောင်း၊ ပါတီတွေရဲ့ ခံယူချက်တို့၊ သူတို့ သွားမယ့်လမ်းကြောင်းတို့၊ ဖေကြီးတို့ တိုင်းသူပြည်သားတွေကို ဘာတွေကို အာမခံပြီး လုပ်ပေးမယ်ဆိုတာတွေကို သိလွန်းလို့မှ သိသိ၊ သိသိနဲ့ နေသေးတယ်မို့လားကွ။ ပါးစပ်ဟရင် အူဘယ်နခွေဆိုတာအပြင် သံဘယ်နကောင်ရှိတယ်ဆိုတာတောင် သိပြီးသားကွ။

စာကြီးသား (ပနီပင်)၏ | "စိတ်ကြိုက်ရွေးချယ် မဲပေးကြမယ်" | (ဆောင်းပါး) စာမျက်နှာ - (၈၊ ၉) » |

ယနေ့ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းအညွှန်း

မဲဆန္ဒရှင် ပြည်သူတွေ
မဲပေးကြမယ်လေ။
ဒီမိုကရေစီ အခွင့်အရေး
လက်လွှတ်မခံနဲ့လေး။

စိုးမိုး (ပုသိမ်)၏ | "စုံညီဆန္ဒပေး" (ကဗျာ) | စာမျက်နှာ - (၉) » |

ရဲထက်၏ "ဒီမိုကရေစီကျင့်စဉ်"(ကာတွန်း) စာမျက်နှာ - (၈) »

ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းပေါ်ရှိ ၂၄၈ စင်းမြောက် ပေ ၂၄၀ ရှည် ပိုးလောင်းချောင်းတံတားဖွင့်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ပြီးစီးသည့် ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းပေါ်ရှိ ၂၄၈ စင်းမြောက် ပေ ၂၄၀ ရှည် သံကူကွန်ကရစ်တံတားအမျိုးအစား ပိုးလောင်းချောင်း တံတား ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဧရာဝတီတိုင်း ဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်၊ ဒုတိယဝန်ကြီး ဦးမြင့်သိန်း၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော် အကအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးက တံတားတည်ဆောက်ပေးရခြင်းနှင့် တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**

ငပုတောမြို့နယ် ပုသိမ်-သလပ်ခွာ-မော်တင်စွန်းလမ်းပေါ်ရှိ ၂၄၈ စင်းမြောက် ပေ ၂၄၀ ရှည် ပိုးလောင်းချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)